# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်၊ အင်္ဂါနေ့။ Tuesday, 21 May 2024 ၁၁၄၆၄


**ကောင်းမှုပွားများခြင်းက**
**နှစ်တန်သောဘဝ ချမ်းသာစေတတ်**

ကောင်းမှုကိုအကယ်၍ တစ်ကြိမ်တစ်ခါ ပြုမိလျှင် ထိုကောင်းမှုကို ထပ်ခါထပ်ခါပြုရာ၏၊ ထိုကောင်းမှု၌ စိတ်အလိုဆန္ဒကိုလည်း ဖြစ်စေရာ၏၊ (အကြောင်းမူကား) ကောင်းမှုပွားများခြင်းသည် ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝတို့၌ ချမ်းသာခြင်းကို ဖြစ်စေတတ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ယနေ့ ဖတ်စရာ**


ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး လူတိုင်းပါဝင်ဆောင်ရွက်ပေး

ဆောင်းပါး စာမျက်နှာ » ၆

အနာဂတ်ကိုမြော်တွေး အားလုံးကျောင်းနေနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြပါစို့



ဆောင်းပါး စာမျက်နှာ » ၁၀

စိန်တစ်လုံးသရက်သီး စတင်ထွက်ရှိမှုနှင့် ဈေးနှုန်းဈေးကွက်

စာမျက်နှာ » ၁၇






ပုဂံခေတ်လက်ကျန် နံရံဆေးရေးပန်းချီအချို့ကို တွေ့မြင်ရစဉ်။ ဓာတ်ပုံ - Kyaw Myo Win

# နံရံဆေးရေးပန်းချီကို ကြည့်ခြင်းအားဖြင့် ပုဂံခေတ်ကပင် အရှေ့အလယ်ပိုင်းဒေသနှင့် အဆက်အသွယ်ရှိခဲ့

ရန်ကုန် မေ ၂၀

နံရံဆေးရေးပန်းချီကို ကြည့်ခြင်းအားဖြင့် ပုဂံခေတ်ကပင် အရှေ့အလယ်ပိုင်းဒေသနှင့် အဆက်အသွယ်ရှိခဲ့သည်ကို တွေ့မြင်ရကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပုဂံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်းက ပြောသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✪



# မိတ္ထီလာခရိုင်တွင် နှမ်း ၁၃၄၅၇ ဧက စိုက်ပျိုး

မိတ္ထီလာ မေ ၂၀

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၌ နွေနှမ်းသီးနှံ ၁၃၄၅၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စိုက်ပျိုးရေးဦးစီးဌာနက ပြည်တွင်းစားသုံးဆီ ဖူလုံပြီး စားအုန်းဆီတင်သွင်းမှုလျှော့ချနိုင်ရေး ဆီထွက်သီးနှံဖြစ်သည့် နှမ်း၊ မြေပဲနှင့် နေကြာတို့ကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ပံ့ပိုးကူညီလျက်ရှိသည်။ မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များတွင် နေကြာနှင့် မြေပဲသီးနှံများကို မိုးဦးနှင့် မိုးနှောင်းရာသီ (ဆောင်းရာသီ)တို့တွင် စိုက်ပျိုးကြပြီး နှမ်းသီးနှံကို နွေရာသီ၊ မိုးဦးနှင့် မိုးနှောင်း (ဆောင်းရာသီ)တို့တွင် စိုက်ပျိုးကြသည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၌ မိတ္ထီလာခရိုင်တွင် နွေနှမ်းသီးနှံကို ဆည်ရေ၊ ကန်ရေတို့ဖြင့် စိုက်ပျိုးဧက ၁၂၉၅၄ ဧကစိုက်ပျိုးသွားရန် သတ်မှတ်လျာထားခဲ့ပြီး ဖေဖော်ဝါရီလနောက်ဆုံးပတ်မှစတင်၍ စိုက်ပျိုးလျက်ရှိသည်။

ယင်းသို့ သတ်မှတ်လျာထားပြီး စိုက်ပျိုးခဲ့ရာ မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များတွင် ဆည်ရေ၊ ကန်ရေများအပြင် စက်ရေတွင်းများဖြင့် နွေနှမ်းစိုက်ဧက ၁၃၄၅၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

# မိုးဦးကာလ၌ ကြုံတွေ့နိုင်သည့် သဘာဝဘေးအန္တရာယ်များသတိပြု

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက မေလ ၁၈ ရက်နေ့ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း၌ မေလ ၂၂ ရက်နေ့တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းထားသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် ကနဦးတွင် အရှေ့မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်း၌ မေလ ၂၄ ရက်နေ့တွင် မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းထားသည်။

ယခုမေလသည် နွေရာသီကာလ၏ နောက်ဆုံးလဖြစ်ပြီး နိုင်ငံတစ်ဝန်း၌ အပူချိန်ပြင်းထန်မြင့်မားမှုကြောင့် မိုးတိမ်တောင်များဖြစ်ပေါ်လျက်ရှိပြီး အချို့ဒေသများ၌ နေရာကွက်ကြားမိုးရွာခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးခြိမ်းခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးကြိုးပစ်ခြင်းတို့ ဖြစ်ပေါ်လျက်ရှိသည်။ လေပြင်းတိုက်ခတ်မှုကြောင့် အချို့ဒေသများတွင် နေအိမ်များအမိုးလန်ခြင်း၊ ပြိုလဲခြင်း၊ သစ်ပင်များ၊ ဓာတ်တိုင်များ ပြိုလဲခြင်းများဖြစ်ပေါ်ခဲ့သည်။ မေလ၏ သဘောသဘာဝအရ လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်လေ့ရှိပြီး ထိုလေဖိအားနည်းရပ်ဝန်းကြောင့် အင်အားပြင်းထန်သော ဆိုင်ကလုန်းမုန်တိုင်းများ ဖြစ်ပေါ်ခဲ့သည်ကို သတိမူရမည်ဖြစ်သည်။

မကြာမီရက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်လာနိုင်မှုကြောင့် အလွန်ပူပြင်းသော နွေရာသီကာလ၏ အပူဒဏ်ခံစားရမှုများကို အဆုံးသတ်တော့မည်ဟု ခန့်မှန်းရသော်လည်း နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို မပေ့ါမဆသတိပြု၍ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြရမည်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲမှုကြောင့် နိုင်ငံများအနေဖြင့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ကို ရင်ဆိုင်ကြုံတွေ့နေကြရပြီး မြန်မာနိုင်ငံအနေဖြင့် လေပြင်းတိုက်ခတ်မှုအန္တရာယ်ကိုသာ ကြုံတွေ့ကြရသဖြင့် သက်သာသည်ဟု ဆိုနိုင်သည်။ ပြီးခဲ့သည့်ရက်သတ္တပတ်ကာလများအတွင်း အပူချိန်ပြင်းထန်မှုကြောင့် အများပြည်သူတို့ ကျန်းမာရေးနှင့် အသက်အန္တရာယ် ထိခိုက်မှုများရှိခဲ့သည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာကြီးပူနွေးလာပြီး သဘာဝဘေးအန္တရာယ်မျိုးစုံဖြစ်ပေါ်လာခဲ့သည်။ လျှင်လှုပ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ မိုးကြိုးပစ်ခြင်း စသည့်သဘာဝဘေးအန္တရာယ်အမျိုးမျိုး ကြုံတွေ့ကြရသည်။ အဆိုပါသဘာဝဘေးအန္တရာယ်များကို ကမ္ဘာပေါ်ရှိ နိုင်ငံများနည်းတူ မြန်မာနိုင်ငံလည်း ကြုံတွေ့ခဲ့ရပြီး ယမန်နှစ်က အလွန်အင်အားပြင်းထန်သော ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်ခြင်းခံခဲ့ရသည်။ မြန်မာနိုင်ငံမှ ပြည်သူများအနေဖြင့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့တွင် ရေကြီးရေလျှံခြင်းနှင့် မုန်တိုင်းအန္တရာယ်တို့ကိုသာ သတိမူမိကြသည်။ ယခုနွေအကုန် မိုးကြိုကာလတွင်မူ လေပြင်းမုန်တိုင်းတိုက်ခတ်ခြင်းအပြင် မိုးကြိုးပစ်ခြင်းအန္တရာယ်ကိုလည်း သတိထားဖို့ လိုအပ်သည်။

မုတ်သုံရာသီအကြိုကာလများ၌ နေ့အပူချိန်များ မြင့်တက်လာချိန်တွင် လေပူများ အထက်သို့တက်ပြီး လေအေးများနှင့်ထိတွေ့သောအခါ အပူချိန်ကွာခြားမှုနှင့် တိမ်တောင်များ ရွေ့လျားမှုအပေါ်မူတည်ကာ လျှပ်စစ်အဖိုဓာတ်နှင့် အမဓာတ်များ ကူးခတ်ကြရာမှ အလွန်အင်အားပြင်းထန်သော လျှပ်စစ်ဓာတ်များ မြေပြင်ပေါ်သို့ ကျရောက်စီးဆင်းပြီး မိုးကြိုးပစ်ခြင်းများ ဖြစ်ပေါ်လာသည်။ လျှပ်စစ်စီးဆင်းမှု သဘာဝအရ မြင့်မားသောသစ်ပင်၊ အဆောက်အအုံများ၊ လျှပ်စစ်နှင့် ဆက်သွယ်ရေးတာဝါတိုင်များ၊ ကြားခံမရှိသော လွင်တီးခေါင်ခေါင်လယ်ကွင်းကဲ့သို့ ကျယ်ပြန့်သည့် နေရာများသည် မိုးကြိုးပစ်ခံရနိုင်ခြေများသည့် နေရာများဖြစ်သည်။

မကြာသေးမီရက်ပိုင်းက အိန္ဒိယနိုင်ငံအရှေ့ပိုင်း အနောက်ဘန်ဂေါပြည်နယ်တွင် မိုးကြိုးပစ်မှုကြောင့် လူ ၁၅ ဦးထက်မနည်းသေဆုံးပြီး ဒဏ်ရာရသူများလည်းရှိခဲ့သည်။ အလားတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်လည်း မိုးကြိုးပစ်မှုကြောင့် နှစ်နာရီအတွင်း လူ ကိုးဦး သေဆုံးခဲ့ပြီး သေဆုံးသူအများစုမှာ လယ်သမားများဖြစ်သည်ဟု သိရသည်။ မိုးကြိုးအန္တရာယ်မှာ ရှောင်ကွင်းချိန်မရဘဲ အလွန်အန္တရာယ်ကြီးမားလှသည်။ ကမ္ဘာပေါ်တွင် မိုးကြိုရာသီကာလ၌ တစ်စက္ကန့်လျှင် မိုးကြိုးအကြိမ် ၁၀၀ ခန့် ပစ်သည်ဟု သိရသည်။ အိန္ဒိယနိုင်ငံတွင် ၂၀၂၂ ခုနှစ်အတွင်း မိုးကြိုးပစ်မှုကြောင့် လူ ၉၀၀ ကျော် သေဆုံးခဲ့သည်ဟု သိရသည်။ မိုးကြိုးအန္တရာယ်သည် မိုးကြိုကာလ ဧပြီလ၊ မေလနှင့် မိုးနှောင်းကာလ အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် ဖြစ်ပေါ်တတ်ပြီး မွန်းတည့်ချိန်မှ ညနေ ၆ နာရီခန့်အတွင်း အပစ်အများဆုံးဟု သိရသည်။

မြန်မာနိုင်ငံတွင် မိုးကြိုးအန္တရာယ်ကို မြို့နေလူများအနေဖြင့် သတိမထားမိသော်လည်း နိုင်ငံ၏လူဦးရေ အများဆုံးနေထိုင်သည့် ကျေးလက်နေပြည်သူများအနေဖြင့် သတိပြုရမည့် သဘာဝဘေးအန္တရာယ်ဖြစ်သည်။ မြန်မာနိုင်ငံတွင် မိုးကြိုးပစ်ခံရသည့်အန္တရာယ်မှာ လွန်ခဲ့သည့်ဆယ်စုနှစ်မှစ၍ တစ်နှစ်ထက်တစ်နှစ် ပိုလာခဲ့သည်။ ပဲခူးတိုင်းဒေသကြီးသည်မိုးကြိုးအန္တရာယ်ကို အများဆုံးကြုံတွေ့ခဲ့ရပြီး ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း လူ ၁၅၀ ကျော်သည် မိုးကြိုးပစ်ခံရသောကြောင့် အသက်သေဆုံးခဲ့ရသည်။ ထို့ကြောင့် ယခုရာသီ မိုးကြိုကာလ၌ လေပြင်းတိုက်ခတ်မှုအန္တရာယ်နှင့် မိုးကြိုးပစ်ခြင်းအန္တရာယ်တို့ကို သက်ဆိုင်ရာအဖွဲ့အစည်းများက သတိပေးနှိုးဆော်ထားသည့်အတိုင်း သတိပြုဆင်ခြင် နေထိုင်လုပ်ကိုင်ကြရန် အသိပေးအပ်ပါကြောင်း။ ။

## ရာဇဝတ်အထူးအယူခံမှု နှစ်မှုနှင့် တရားမအထူးအယူခံမှု ခုနစ်မှု စီရင်ချက်ချမှတ်၊ တရားမအထူးအယူခံမှု ငါးမှု ရုံးထိုင်ကြားနာ

နေပြည်တော် မေ ၂၀

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးမောင်၊ ဦးခင်မောင်ကြီး၊ ဦးသိန်းကိုကို၊ ဒေါ်ပြုံးပြုံးအေးတို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှုအမှတ် ၁/၂၀၂၄ (မန္တလေး)နှင့် ၂/၂၀၂၄ (ပဲခူး)၊ တရားမအထူးအယူခံမှု အမှတ် ၄၅/၂၀၂၃ (ရန်ကုန်)၊ ၄၆/၂၀၂၃ (မန္တလေး)၊ ၄၇/၂၀၂၃ (မန္တလေး)၊ ၄၈/၂၀၂၃(မန္တလေး)၊ ၄၉/၂၀၂၃(ရှမ်း)၊ ၇/၂၀၂၄ (ရန်ကုန်)နှင့် ၁၀/၂၀၂၄(ဧရာဝတီ) စုစုပေါင်းရာဇဝတ်အထူးအယူခံမှု နှစ်မှုနှင့် တရားမအထူးအယူခံမှု ခုနစ်မှုတို့ကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၉/၂၀၂၄ (မကွေး)၊ ၁၁/၂၀၂၄(မန္တလေး)၊ ၁၂/၂၀၂၄ (ရန်ကုန်)၊ ၁၆/၂၀၂၄(မန္တလေး)နှင့် ၁၇/၂၀၂၄(မန္တလေး) စုစုပေါင်း တရားမအထူးအယူခံမှု ငါးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်အောင် ကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဥပဒေရေးရာဝန်ကြီးဌာန၊ ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယုယုခင် ကို ၂၀၂၄ ခုနှစ်၊ မေလ ၂၀ ရက်နေ့မှစ၍ အတည်ပြု ခန့်ထားလိုက်သည်။

## ဓာတ်ခွဲနမူနာစုစုပေါင်း ၂၇၂၂၈ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁၀ တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ခြင်း(၂၀-၅-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၁၂-၅-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၉-၅-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၇,၂၂၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၁၀) တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၄)ရာခိုင်နှုန်းဖြစ်သည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

■

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၀ - ၅ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၈,၉၀၀ | ၈၂၄ | ၇,၃၃၃,၃၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၀၀ | ၄,၈၅၂ | ၁၄,၀၇၅,၈၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၂၉ | ၂၃၂,၀၀၀ |
| FPB | ၁,၅၅၀ | ၁,၅၅၀ | ၃၂၀ | ၄၉၀,၅၀၀ |
| TMH | ၂,၆၀၀ | ၂,၇၀၀ | ၂၈၈ | ၇၅၁,၀၀၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၁,၃၇၆ | ၂,၃၃၉,၂၀၀ |
| AMATA | ၄,၅၀၀ | ၄,၅၀၀ | ၀ | ၀ |
| MAEX | ၂,၂၅၀ | ၂,၂၅၀ | ၆၁၉ | ၁,၃၉၂,၇၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၄/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြား



**နေပြည်တော် မေ ၂၀**

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၄/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ အတွင်းရေးမှူး စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌများဖြစ်ကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ် ဝန်ကြီးချုပ်များက အွန်လိုင်းမှ တက်ရောက်ကြသည်။

**လုပ်ငန်းစဉ်များ ချမှတ်ပေး**

အစည်းအဝေးတွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဒုတိယဝန်ကြီးချုပ် နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ အနေဖြင့် စတင်ဖွဲ့စည်းချိန်မှ ယနေ့အထိဗဟိုအဖွဲ့အစည်းအဝေး သုံးကြိမ်၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်သည့် အလုပ်အဖွဲ့များနှင့် အစည်းအဝေး တစ်ကြိမ်၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ၊ အတွင်းရေးမှူးများနှင့် အစည်းအဝေး နှစ်ကြိမ် ပြုလုပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ၊ အတွင်းရေးမှူးများနှင့် ပြုလုပ်ခဲ့သည့်အစည်းအဝေးများတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ တင်ပြခဲ့မှုအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများအား ရှင်းလင်းဖြေကြားစေခဲ့ပြီး အားသာချက်၊ အားနည်းချက်များကိုသုံးသပ်၍ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ချမှတ်ပေးခဲ့ကြောင်း။

**နည်းဥပဒေရေးဆွဲရေး**

နည်းဥပဒေ ရေးဆွဲရေးနှင့် ပတ်သက်၍ ဗဟိုအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီးဌာန သုံးခုနှင့် တိုင်းဒေသကြီး/ပြည်နယ်အဖွဲ့ ခြောက်ခုတို့က ပေးပို့ခဲ့သည့် အကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများက အလေးထားဖတ်ရှုပြီး ပြင်ဆင်သင့်သည်များကို ပြင်ဆင်၍ ရေးဆွဲထားသည့် ပြည်သူ့စစ်မှုထမ်း နည်းဥပဒေ (စတုတ္ထမူကြမ်း)ကို ရေးထုံးရေးနည်း စိစစ်ရန်နှင့် ဥပဒေကြောင်းအရသဘောထားပြန်ကြားပေးရန် ဥပဒေရေးရာဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပြီး ဥပဒေရေးရာဝန်ကြီးဌာနမှ ဖြည့်စွက်ပြင်ဆင်ချက်၊ သဘောထား မှတ်ချက်များနှင့်အတူ ပြန်ကြားခဲ့ပါကြောင်း၊ ယင်းပြန်ကြားလာမှုအပေါ် စံပြုလုပ်ထုံးလုပ်နည်း ပြုစုရေးဆွဲရေးနှင့် နည်းဥပဒေပြုစုရေးဆွဲရေး အလုပ်အဖွဲ့က အစည်းအဝေးခေါ်ယူပြီး ပြင်ဆင်ချက်/ ဖြည့်စွက်ချက်များနှင့်အတူ ပြည်သူ့စစ်မှုထမ်းနည်းဥပဒေ (စတုတ္ထမူကြမ်း)ကို ထပ်မံပြုစုရေးဆွဲခဲ့ပြီး ဖြစ်ပါကြောင်း။

နည်းဥပဒေ (စတုတ္ထမူကြမ်း) နှင့်ပတ်သက်၍ ဆွေးနွေးချက်များ၊ အကြံပြုချက်များရှိပါက ဝိုင်းဝန်းဆွေးနွေးပေးကြရန်နှင့် ဆွေးနွေးချက်၊ အကြံပြုချက်များကို ဆောလျင်စွာ ပေးပို့ပေးရန် ပြောကြားလိုပါကြောင်း၊ ပေးပို့လာသည့် အကြံပြုချက်များအပေါ် ပြင်ဆင်/ ဖြည့်စွက် သင့်သည်များကို ပြင်ဆင်/ဖြည့်စွက်၍ ဥပဒေရေးရာဝန်ကြီးဌာနသို့ ရေးထုံးများ စိစစ်ရန်နှင့် သဘောထားမှတ်ချက်များ ပြန်ကြားပေးရန် ထပ်မံပေးပို့သွားရမည်ဖြစ်ပါကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနက ရေးထုံးများ စိစစ်ပြီး အကြံပြုချက်များဖြင့် သဘောထားမှတ်ချက် ပြန်ကြားလာပါက ပြင်ဆင်ဖြည့်စွက်၍ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ကော်မတီမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြပြီး အတည်ပြုချက်ရယူသွားမည်ဖြစ်ပါကြောင်း။

ပြည်သူ့စစ်မှုထမ်း သင်တန်း ပထမအပတ်စဉ်နှင့် ဒုတိယအပတ်စဉ်များကို ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း၊ တတိယအပတ်စဉ်အတွက် သတ်မှတ်သင်တန်းသားအရေအတွက်၊ Time Frame များကိုလည်း မြေပြင်အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်စေရန် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အလုပ်အဖွဲ့များ လုပ်ငန်းဆောင်ရွက်ရာတွင် လွယ်ကူစေရန် ပြင်ဆင်ရေးဆွဲထားပြီးဖြစ်ပါကြောင်း။

ပြည်သူ့စစ်မှုထမ်း ဥပဒေကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး လက်ကမ်းစာစောင် ၆၈၆၂၅၀ စောင်ကို ပြည်သူများသို့ အခမဲ့ဖြန့်ဝေပေးခဲ့ပြီး မြန်မာ့ရုပ်မြင်သံကြားမှလည်း သတင်း၊ TV Spot၊ ကြေညာချက်အစီအစဉ်၊ ဆောင်းပါးနှင့် နိုင်ငံတော်သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ပြောကြားချက်များအပါအဝင် နှီးဆော်ချက်များ၊ TV မဂ္ဂဇင်း/ ရေဒီယိုမဂ္ဂဇင်းအဖြစ် ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေအပါအဝင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေး အဖွဲ့ ခေါင်းဆောင် ပြောကြားခဲ့သော ဆောင်းပါးများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ အရာရှိတစ်ဦး ပြောကြားခဲ့သည့် ဆောင်းပါးများနှင့် နိုင်ငံပိုင်သတင်းစာများတွင်ပါရှိသည့် ဆောင်းပါးများကိုလည်း ကာကွယ်ရေးဝန်ကြီးဌာန Webportal တွင် အများပြည်သူကြည့်ရှုနိုင်ရန် တင်ထားပြီးဖြစ်ပါကြောင်း၊ ပြည်သူလူထုအတွင်း ထင်ယောင်ထင်မှား မဖြစ်စေရေးနှင့် သတင်းမှန်များ ကျယ်ပြန့်စွာ ရောက်ရှိနိုင်ရေးအတွက် Mobile Operator လေးခုမှတစ်ဆင့် Short Message Service (SMS) အစောင်ရေ ၂၆၂ ဒသမ ၁၉ သန်း ပေးပို့ခဲ့ပြီးဖြစ်ပါကြောင်း၊ ကင်းလွတ်ခွင့်၊ လျော့ပေါ့ခွင့်နှင့် ရွှေ့ဆိုင်းခွင့်များအတွက် ဥပဒေပုဒ်မ-၂၂ နှင့် ၁၅(က)တွင် ပါရှိသည့် သတ်မှတ်ချက်များ အပြင် ပြည်သူများသိသင့်သိထိုက်သော ထုတ်ပြန်ချက်များကို Mobile Operator လေးခုမှ တစ်ဆင့် SMS အစောင်ရေ ၁၃၃ ဒသမ ဝဝ သန်း ပေးပို့ခဲ့ပြီးဖြစ်ပါကြောင်း။

**အားသာချက်၊ အားနည်းချက်များ**

ပြည်သူ့စစ်မှုထမ်း သင်တန်း သင်တန်း(၂)ပတ်စဉ် ဖွင့်လှစ်ခဲ့ပြီးချိန်တွင်တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်များ တွေ့ရှိခဲ့ရပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့စစ်မှုထမ်းအဖွဲ့များ အနေဖြင့် တွေ့ကြုံခဲ့ရသည့် အားနည်းချက်၊ အားသာချက်များအပေါ် အပြန်အလှန်သုံးသပ်၍ လာမည့်အပတ်စဉ်များအတွက် ပြည်သူ့စစ်မှုထမ်းများခေါ်ယူရာတွင် ရည်မှန်းချက်ပြည့်ဝစွာ အကောင်အထည်ဖော်နိုင်ရေးနှင့်လုပ်ငန်းစဉ်များ အဆင်ပြေ ချောမွေ့စေရေးအတွက် အလေးထားကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ တက်ရောက် လာကြသည့် ကော်မတီဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များကလည်း ဝိုင်းဝန်းဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

**ကြိုတင်စီမံဆောင်ရွက်**

ထို့နောက် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ပြည်သူ့စစ်မှုထမ်းအပတ်စဉ်နှစ်ခုကို အောင်မြင်စွာဖွင့်လှစ်နိုင်အောင် စီမံဆောင်ရွက်ပေးကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများကို ကျေးဇူးတင်ရှိပါကြောင်း၊ ယခင်ဖွင့်လှစ်ခဲ့သည့် အပတ်စဉ်များအတွက် ပြည်သူ့စစ်မှုထမ်းရန် ဆင့်ခေါ်ရာတွင် လာရောက်ရန် ပျက်ကွက်သူများအားလုံးကို တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အပတ်စဉ်(၃)ကို လျာထားချက်ပြည့်မီစွာဖြင့် ဖွင့်လှစ်နိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ၊ တိုင်း ဒေသကြီးနှင့်ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရာ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**စနစ်တကျစီမံဆောင်ရွက်**

ထို့နောက် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယခင်ဖွင့်လှစ်ခဲ့သည့် အပတ်စဉ်များ၌ တွေ့ကြုံခဲ့သည့် အတွေ့အကြုံအရ လျာထားချက်ပြည့်မီရေး ဆောင်ရွက်ရာတွင် အခက်အခဲဖြစ်ပေါ်ခဲ့ရပြီး အစားထိုးဖြည့်တင်းမှုများ ရှိခဲ့ပါကြောင်း၊ ထိုသို့ဖြည့်တင်းရာတွင် SOP ပုံစံများ ပြည့်စုံစွာ တင်ပြမှုမရှိသည့်အတွက် စာရင်းကွဲလွဲမှုများ၊ စာရင်းတိုက်ဆိုင်စစ်ဆေးရာတွင် အချိန်ပေးဆောင်ရွက်ရခြင်းများ ကြုံတွေ့ခဲ့ရပါကြောင်း၊ ယင်းအတွေ့အကြုံများကိုမူတည်၍ လာမည့်အပတ်စဉ်များတွင် စနစ်တကျစီမံဆောင်ရွက်ကြရန်လိုကြောင်း။

နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများ အနေဖြင့် သတ်မှတ် Time Frame အတွင်း ဝင်အောင် Check List နှင့် ဆောင်ရွက်ရန် လိုအပ်ပြီး အခက်အခဲရှိပါက ဝန်ကြီးချုပ်များထံ တင်ပြကြရန်လိုပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးနှင့် ပတ်သက်၍ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့်များက မှန်မှန်ကန်ကန်ဆောင်ရွက်စေရေး တိုင်း၊ ခရိုင်အဆင့်များက စနစ်တကျ တာဝန်ပေးကြီးကြပ်ရန် မှာကြားလိုပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ် အလိုက် ပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ်ရာတွင် နိုင်ငံသား/ ဧည့်နိုင်ငံသား/ပြုနိုင်ငံသား မဟုတ်သူများကို ပြည်သူ့စစ်မှုထမ်း ရွေးချယ်ခြင်းမပြုရန် လိုအပ်ပါကြောင်း၊ ယခင်ဖွင့်လှစ်ပြီးခဲ့သည့် သင်တန်းများ၏ အားနည်းချက်၊ အားသာချက်များအား သုံးသပ်ပြီး နောင်ဖွင့်လှစ်မည့် ပြည်သူ့စစ်မှုထမ်း သင်တန်းများအတွက် သတ်မှတ် လျာထားချက်များ အတိုင်းပြည့်မီရေး အလေးထားကြိုးပမ်း ဆောင်ရွက်ပေးကြရန် တိုက်တွန်း မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# နယ်စပ်ရေးရာဝန်ကြီးဌာနရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများ၌ သင်တန်းဖွင့်ပွဲများကျင်းပ


နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း (အောင်ပန်း) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် မေ ၂၀

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း (ဘားအံ၊ လပွတ္တာ၊ အောင်ပန်း) တို့၌ ဆောက်လုပ်ရေးသင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်းနှင့် လက်ကိုင်ဖုန်းပြင်သင်တန်းဖွင့်ပွဲများကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ သင်တန်းကျောင်းများ၌ ကျင်းပဆောင်ရွက်ခဲ့ရာ အောင်ပန်းမြို့ သင်တန်းကျောင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်ကလည်းကောင်း၊ ဘားအံမြို့ သင်တန်းကျောင်းတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးကလည်းကောင်း၊ လပွတ္တာမြို့ သင်တန်းကျောင်းတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်ကိုဦးကလည်းကောင်း အသီးသီး တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းကျောင်း သုံးကျောင်း၌ ဆောက်လုပ်ရေးသင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်း၊ လက်ကိုင်ဖုန်းပြင်သင်တန်းများတွင် သင်တန်းသားစုစုပေါင်း ၁၂၅ ဦးဖြင့် သင်တန်းကာလ ရက်သတ္တ ၂၂ ပတ်ကြာ သင်ကြားဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး နေထိုင်စားသောက်ရေးနှင့် သင်တန်းသုံးပစ္စည်းများ အခမဲ့ ပံ့ပိုးပေးသွားမည်ဖြစ်သည်။

နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများတွင် သင်တန်းသား စုစုပေါင်း ၆၄၇၇ ဦး သင်ကြားလေ့ကျင့် မွေးထုတ်ပေးခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် တောင်ကြီးမြို့ရှိ ဒေသခံပြည်သူများကို ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားကတ်ပြားထုတ်ပေးပြီး Biometric ကောက်ယူမှုကြည့်ရှုအားပေး

နေပြည်တော် မေ ၂၀

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တောင်ကြီးမြို့နယ်ဦးစီးမှူးရုံးသို့သွားရောက်၍ မြို့နယ်ရုံးအတွင်း၌ ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသူများ၊ လဲလှယ်လျှောက်ထားသူ ပြည်သူများကို ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားကတ်ပြားစိစစ်ဆောင်ရွက်ပေးနေမှု ၊ ယင်းသို့ဆောင်ရွက်ပြီးပါက e-ID စနစ်အတွက် Biographic/ Biometric ကောက်ယူကာ UID နံပါတ်တစ်ပါတည်း ဆောင်ရွက်ထုတ်ပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကာ တာဝန်ရှိသူများကို လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။



## လှည့်လည်ကြည့်ရှု

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် မြို့နယ်ရုံးရှေ့၌ ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိပြီးသူများကို e-ID စနစ်ဖြင့် ကိုယ်ရေးအချက်အလက် (Biographic)နှင့် ဇီဝဆိုင်ရာအချက်အလက် (Biometric) ကောက်ယူကာ ဂဏန်း ၁၀ လုံးပါ (Unique ID) နံပါတ်ထုတ်ပေးနေမှုကို လှည့်လည်ကြည့်ရှုကာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများ၏ လိုက်လံရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြားပြီး Unique ID နံပါတ်လာရောက်ဆောင်ရွက်ကြသူ ပြည်သူများကို လုပ်ငန်းဆိုင်ရာ အခက်အခဲများအား မေးမြန်းဆွေးနွေး၍ UID နံပါတ်ရရှိပြီးပါက ပြည်သူများ၏ လူမှုဘဝမြင့်တင်ရေးအတွက် အခြားသော ဝန်ဆောင်မှုလုပ်ငန်းများနှင့် ချိတ်ဆက်နိုင်မှု၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် ထိရောက်စွာအသုံးပြုနိုင်မှုနှင့် ပျောက်ဆုံးမှု မရှိစေရေးအတွက် စနစ်တကျကိုင်တွယ်ထိန်းသိမ်းနိုင်ရေး အခြေအနေများကို ရှင်းလင်းပြောကြားကာ ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ယင်းသို့ဆောင်ရွက်ပေးရာတွင် နိုင်ငံသားကတ်ပြားမရှိသေးသူနှင့် လဲလှယ်လျှောက်ထားသူ စုစုပေါင်း ၂၇ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးကာ Biographic/ Biometric ကောက်ယူ၍ UID နံပတ်တစ်ပါတည်း ထုတ်ပေးနိုင်ခဲ့ပြီး နိုင်ငံသားကတ်ပြားရှိပြီးသူ ပြည်သူ ၂၇၄ ဦးကို Biographic/ Biometric ကောက်ယူ၍ UID နံပါတ်ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြို့နယ်ရုံးမှတ်တမ်းခန်းအတွင်း ကိုယ်ရေးဖိုင်များ စနစ်တကျထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ လူတစ်ဦးချင်းစီ ကိုယ်ရေးဖိုင်များဖြစ်သည်နှင့်အညီ လုံခြုံစွာထားရှိဆောင်ရွက်ရေး၊ မီးဘေးအန္တရာယ်နှင့် ပိုးမွှားအန္တရာယ် ကြိုတင်ကာကွယ်တားဆီးဆောင်ရွက်ရေး၊ အသုံးပြုကိုင်တွယ်ရာတွင်လည်း စနစ်တကျမှတ်တမ်းရေးသွင်း ကိုင်တွယ်ထိန်းသိမ်းဆောင်ရွက်ကြရေး မှာကြားကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ရှမ်းပြည်နယ်ဦးစီးမှူးရုံးသို့ သွားရောက်၍ အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးရုံးများမှ တာဝန်ရှိသူများ၊ ကယားပြည်နယ်မှ ယာယီနေရပ်စွန့်ခွာရောက်ရှိနေသည့် ဝန်ထမ်းများကို တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ယခုဆောင်ရွက်နေသည့် ပန်းခင်းစီမံချက်အဆင့် (၃) လုပ်ငန်းစဉ် အောင်မြင်ရေးအတွက်လည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်လုံးကျွတ်လူဦးရေနှင့် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကိုလည်း ယခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူမည်ဖြစ်ရာ လုပ်ငန်းစဉ်အဆင့်ဆင့်အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် e-ID စနစ်ကိုလည်း မိမိတို့ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိရာ ယခုအခါ နိုင်ငံသားကတ်ရှိပြီးသူများနှင့် နိုင်ငံသားကတ်ပြားအသစ် လျှောက်ထားရယူသူများကို Biographic/Biometric ကောက်ယူကာ ရုံးချုပ်ရှိ e-ID Server ရှိအချက်အလက်များနှင့် တိုက်ဆိုင်စိစစ်၍ Unique ID နံပါတ်များ ထုတ်ပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှမ်းပြည်နယ်သည် နယ်စပ်ဒေသနှင့်ထိစပ်နေသည့် ပြည်နယ်တစ်ခုဖြစ်သည့်အတွက် လုပ်ငန်းဆောင်ရွက်မှုတိုင်း၌ အထူးအလေးထား ဂရုပြုဆောင်ရွက်ကြရန်နှင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်သူကို ထိရောက်သောဝန်ဆောင်မှုများ ပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ယခုဆောင်ရွက်နေသည့် လုပ်ငန်းစဉ်အားလုံးသည် နိုင်ငံတော်၏ အနာဂတ်အတွက် အရေးကြီးသည့်လုပ်ငန်းများဖြစ်သည့်အတွက် ဝန်ထမ်းအားလုံးစည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# ဓနုဖြူမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် Biometric ကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်

ဓနုဖြူ မေ ၂၀

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ပန်းခင်းစီမံချက် (၃) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပြုလုပ်ပေးခြင်း၊ ဇီဝဆိုင်ရာ အချက်အလက်ကောက်ယူခြင်းများကို ယနေ့နံနက် ၉ နာရီက ကန်ဇွန်းကွင်းရွာမ အ.မ.က စာသင်ကျောင်း၌ အခြေပြုကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါကွင်းဆင်းဆောင်ရွက်မှုအား ဓနုဖြူမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဓနုဖြူမြို့နယ်ရုံးမှ ဒုတိယ လူဝင်မှုကြီးကြပ်ရေးမှူး ဦးသိန်းသန်းစိုးနှင့် ဝန်ထမ်းများက ကန်ဇွန်းကွင်းကျေးရွာအုပ်စုတွင် နေထိုင်သည့် ပြည်သူများအား အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးပြီး ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် မန္တလေးတိုင်းဒေသကြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် တက်ရောက်




**နေပြည်တော်　မေ ၂၀**

မန္တလေးတိုင်းဒေသကြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဖိုရမ်ကို ယနေ့ နံနက်ပိုင်းတွင် မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသည်။

ဖိုရမ်သို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်အဆင့်ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့များ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖိုရမ်တွင် ပြည်ထောင်စုဝန်ကြီးက မန္တလေးတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခရီးစဉ်ဒေသ စီမံခန့်ခွဲရေးအဖွဲ့များအနေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ခရီးစဉ်ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှုနှင့် မြှင့်တင်ကြော်ငြာရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့၏ ကမ္ဘာ့ခရီးသွားလုပ်ငန်းအပေါ် သုံးသပ်ချက်များ၊ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ–ပုဂ္ဂလိက–အသင်းအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုများ၊ မန္တလေးတိုင်းဒေသကြီးကို ကမ္ဘာကသိသော ခရီးစဉ်ဒေသကြီး တစ်ခုအဖြစ် ဆောင်ရွက်သွားရမည့် အခြေအနေများနှင့် တိုင်းဒေသကြီးအတွင်းသို့ ပြည်တွင်း/ပြည်ပခရီးသွားဧည့်သည် ဝင်ရောက်ခဲ့မှု အခြေ အနေများ၊ ဖိုရမ်ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မန္တလေးတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများနှင့် အလားအလာ ကောင်းများ၊ ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ်အတွက် ASEAN Tourism Award ဆုရရှိသော Rupar Mandalar Hotel နှင့် The View@Dattawgyaink Hotel တို့ကို ဆုများချီးမြှင့်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များကို ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဘုရားဖူးခရီးသွားဧည့်သည်များ လာရောက်ဖူးမြော်ရာတွင် အဆင်ပြေစေရေးအတွက် ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် အမရပူရမြို့နယ်အတွင်းရှိ ဦးပိန်တံတားသို့ သွားရောက်ပြီး ပြည်တွင်း/ပြည်ပခရီးသွားဧည့်သည်များ အဆင်ပြေချောမွေ့စွာ လာရောက်လည်ပတ်နိုင်စေရေး စီစဉ်ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း၊ မြနန်းစံကျော်ရွှေနန်းတော်ကြီး၌ ယဉ်ကျေးမှုအခြေခံ ခရီးသွားလုပ်ငန်း အကောင်အထည်ဖော်နိုင်ရေးနှင့် Tour package များ ထည့်သွင်းရေးဆွဲ အကောင်အထည်ဖော်နိုင်ရေးကိုလည်းကောင်း၊ တိုင်းဒေသကြီးအတွင်းရှိ ခရီးသွားဆွဲဆောင်ရာနေရာများဖြစ်သည့် ကျောက်တော်ကြီးဘုရားနှင့် ကုသိုလ်တော်ဘုရားတို့တွင် ဘုရားဖူးခရီးသွားများ အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာရွှေမြို့တော်ဟိုတယ်၌ ကျင်းပသည့် မြန်မာ–တရုတ် ခရီးသွားလုပ်ငန်း မြှင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ်၏ Business Matching အစီအစဉ်သို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

ယင်းနောက် FAM Trip အသင်းအဖွဲ့များကိုယ်စား မြန်မာ–တရုတ်ယဉ်ကျေးမှုနှင့် ခရီးသွားမြှင့်တင်ရေးအဖွဲ့ ဥက္ကဋ္ဌ Mr. David Liu ၊ မီဒီယာများ ကိုယ်စား Ms. Wan Zi Jing The Tourist Information (Editor in Chief)၊ ခရီးသွားအေဂျင်စီများကိုယ်စား Mr. Li Ru Can (YASO Travel)မှ အကြီးအကဲတို့က သွားရောက်ခဲ့သည့်ခရီးစဉ်များအလိုက် တွေ့ကြုံခဲ့ရမှုနှင့် လေ့လာခဲ့ရမှု အခြေအနေများ၊ တရုတ်နိုင်ငံ မီဒီယာများတွင် မြှင့်တင် ကြော်ငြာပေးသွားမည့် အခြေအနေများ၊ တရုတ်ခရီးသွားများ လာရောက်ရာတွင် အဆင်ပြေစေရန် ဆောင်ရွက်ပေးစေလိုသည့် ကိစ္စရပ်များနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရှင်းလင်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ကိုယ်စားလှယ်အဖွဲ့များကို အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ပြီး ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**✪ ရှေ့ဖုံးမှ**

လက်ရှိတွင် ပုဂံခေတ်မှ ကြွင်းကျန်ရစ်သည့် ပုဂံဘုရား၊ စေတီ၊ ပုထိုးစုစုပေါင်းမှာ ၃၈၃၇ ဆူဖြစ်ကာ နံရံပန်းချီရေးဆွဲခဲ့သည့် စေတီ၊ ပုထိုးအရေအတွက်မှာ ၄၁၆ ဆူဖြစ်ကြောင်း သိရသည်။

"ပုဂံခေတ်မှာကတည်းက ပန်းချီပညာရပ်မှာ မြန်မာပြည်က ကမ္ဘာနဲ့ ရင်ပေါင်တန်းပြီးရှိခဲ့တာပါ။ ကျောက်မျက်မော်အနားလေးမှာ ရှိတဲ့ ဘုရားလေးတစ်ဆူသေးသေးလေး၊ ဂူဘုရားလေးထဲမှာမှ သူရဲ့နံရံပန်းချီက တကယ့်ကို Middle East တကယ့်အာရပ်တွေပုံစံတွေ၊ အာရပ်တွေစီးတဲ့ သစ်ကုလားအုပ်တွေ၊ အာရပ်တွေမှာရှိခဲ့တဲ့ အပင်တွေ၊ အကောင်တွေ အဲဒီလိုပုံစံမျိုးတွေ ရေးခဲ့တာ။ ဒီဟာကိုကြည့်ခြင်းအားဖြင့် ပုဂံခေတ်မှာလည်း တကယ့်ကို Middle East အထိကို Connection တွေရှိနေပြီပေါ့နော်။ ဒါကြောင့်မို့ ပုဂံခေတ်နံရံပန်းချီတွေကလည်း ကမ္ဘာ့ရဲ့ပန်းချီပညာရပ်နဲ့ နည်းနည်းလေးမှ အဆင့်အတန်းမနိမ့်ဘူး။ လွန်ခဲ့တဲ့နှစ်ပေါင်း ၁၀၀၀ ကျော်လောက်က မြန်မာပြည်က ပန်းချီပညာရပ်က သူရဲ့ creation နဲ့သူ တကယ့်ကို ကမ္ဘာအဆင့်မီအောင်ကို ဆွဲနိုင်ခဲ့တယ်" ဟု ဦးကျော်မျိုးဝင်းက ပြောသည်။

ပုဂံခေတ်က နံရံပန်းချီရေးဆွဲခဲ့သူများသည် ပူပြင်းသောနွေရာသီတွင် ဘုရားလိုဏ်ဂူများအတွင်း ရေးဆွဲခဲ့ကြလိမ့်မည်ဖြစ်ကြောင်းလည်း ၎င်း၏ လူမှုကွန်ရက်ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင်ရေးသားထားသည်။

"ပူပြင်းလို့စိုက်ပျိုးရေးရပ်နားချိန်၊ ဘုရားတွေအတွင်း နေအလင်းရောင်အပြည့်အဝရချိန်၊ ရာသီဥတုပူလို့ ဘုရားအတွင်းအပူရှောင်ရင်း အလုပ်လည်းပြီးစီးတယ်။ ပန်းချီဆွဲမယ့်နံရံတွေရဲ့ အောက်ခံအလွှာတွေ နွေရာသီအပူရှိန်ကြောင့် ခြောက်သွေ့ပြီး စိုထိုင်းဆနည်းနေလို့ ပန်းချီဆွဲရတာ အကောင်းဆုံးအချိန်လည်းဖြစ်မယ်"ဟု ၎င်းက ပြောသည်။





ပုဂံခေတ်လက်ကျန် နံရံဆေးရေးပန်းချီအချို့ကို တွေ့မြင်ရစဉ်။ ဓာတ်ပုံ – Kyaw Myo Win

ပုဂံခေတ် နံရံဆေးရေးပန်းချီရေးဆွဲကြသည့် ပညာရှင်များမှာ တစ်ဦးတစ်ယောက်စ နှစ်ယောက်စမဟုတ် အဖွဲ့လိုက် အစုလိုက် ဆောင်ရွက်ခဲ့ကြပုံရကြောင်းနှင့် အထူးသဖြင့် အဆိုပါပုဂ္ဂိုလ်များမှာ ပန်းချီဆွဲသည့်အတတ်ပညာပင်မဟုတ် ဗုဒ္ဓဝင်ဇာတ်နိပါတ်များဖြင့်လည်း ထဲထဲဝင်ဝင် နှံ့နှံ့စပ်စပ်သိရှိကြသူများလည်းဖြစ်ပုံရကာ ၎င်းတို့၏ နောက်ကွယ်တွင် ဗုဒ္ဓစာပေကျမ်းဂန်များတတ်ကျွမ်းသည့် ဆရာတော်မထေရ်ကြီးများကလည်းအနီးကပ် လမ်းညွှန်ခဲ့ကြပုံရကြောင်း ၎င်းက သုံးသပ်ထားသည်။

ထို့ပြင် နံရံပန်းချီရေးဆွဲရန်အတွက် အောက်ခံအလွှာကို အဆင်သင့်ပြင်ဆင်ပေးကြရသော ပန်းရန်ဆရာများကလည်း နံရံပန်းချီ ရေးဆွဲမည့် အောက်ခံအလွှာများက နံရံပန်းချီရေးဆွဲသည့်အခါ အဆင်ပြေစေရန်အတွက် အသေးစိတ်ဖန်တီးပေးကြသူများဖြစ်သောကြောင့် နံရံပန်းချီတစ်ခုဖန်တီးရာ၌ အဆိုပါပညာရှင်များကလည်း အရေးပါခဲ့မည်ဖြစ်သည်။ **MT**

## သံဖြူဇရပ်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေးပေး

**သံဖြူဇရပ်　မေ ၂၀**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင်တောင်သူများအား ၂၀၂၄ ခုနှစ်သီးနှံထုတ်လုပ်မှုဘဏ်ချေးငွေ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ယနေ့ နံနက်ပိုင်းက မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ စတင်ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

ဦးစွာ မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဒေါ်နန္ဒာအောင်က တောင်သူများအား ယခုနှစ် မိုးစပါးစိုက်ပျိုးစရိတ် ထုတ်ချေးပေးမည့် အစီအစဉ်များ ချေးငွေပြန်လည်ပေးသွင်းမည့် ကာလတွင် ကြွေးကျန်မရှိစေရေး ပြန်လည်ပေးဆပ်ရန် ပြောကြားသည်။

ဆက်လက်၍ တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးပေးရာ ယနေ့တွင် ကျေးရွာအုပ်စု နှစ်စု တောင်သူ ၁၅ ဦး လယ်မြေ ၆၁ ဧကကို ငွေကျပ် ၉၁ ဒသမ ၅၀ သိန်းထုတ်ချေးပေးခဲ့ပြီး ထုတ်ချေးရာတွင်လည်း မိုစပါးချေးငွေကို တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် တစ်ဦးလျှင် ၁၀ ဧကအထိ ထုတ်ချေးပေးမည်ဖြစ်ပြီး အတိုးနှုန်းမှာ ငွေကျပ် ၁၀၀ လျှင် ငါးရာခိုင်နှုန်း ထုတ်ချေးပေးသွားမည် ဖြစ်ကြောင်း၊ မိုးစပါးထုတ်ချေးပေးမည့်ကာလကို မေ ၂၀ ရက်မှ စတင်ကာ စက်တင်ဘာလကုန်အထိထုတ်ချေးပေးသွားမည်ဖြစ်ကြောင်းနှင့် မိုးချေးငွေကို လယ်မြေဧက ၆၇၃၅ ဧကအတွက် ငွေကျပ် ၁၀၁၀၂ ဒသမ ၅၀ သိန်း လျာထားထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး လူတိုင်းပါဝင်ဆောင်ရွက်ပေး

ဒေါက်တာဆုစန္ဒာအောင် (သစ်တောဦးစီးဌာန)

၁၉၉၂ ခုနှစ်တွင် ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် မြေကမ္ဘာထိပ်သီးညီလာခံ (Earth Summit) ဟု အများသိကြသည့် ကမ္ဘာ့ကုလသမဂ္ဂ သဘာဝဝန်းကျင်နှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ညီလာခံ (The United Nations Conference on Environment and Development–UNCED) မှ ဇီဝမျိုးစုံမျိုးကွဲ၊ ရာသီဥတုပြောင်းလဲမှုနှင့် သဲကန္တာရတိုက်ဖျက်ရေးဆိုင်ရာ အောက်ပါ နိုင်ငံတကာကွန်ဗင်းရှင်း (၃) ခု ပေါ်ထွက်ခဲ့ပါသည်–

(က) ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာကွန်ဗင်းရှင်း (Convention on Biological Diversity– CBD)၊



(ခ) ကုလသမဂ္ဂ သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း (United Nations Convention to Combat Desertification–UNCCD)၊

(ဂ) ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်း (United Nations Framework Convention on Climate Change–UNFCCC)။

CBD တွင် ဇီဝမျိုးစုံမျိုးကွဲများအား နိုင်ငံအလိုက် ထိန်းသိမ်းရန်၊ မိမိတို့နိုင်ငံရှိ ဇီဝမျိုးစုံမျိုးကွဲများအား ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရန်နှင့် မျိုးရိုးဗီဇအရင်းအမြစ်များအား အသုံးချခြင်းမှ ထွက်ပေါ်လာသည့်အကျိုးရလဒ်များအား ကမ္ဘာ့နိုင်ငံများအကြား ညီမျှစွာခံစားနိုင်ရန် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ CBD အတွင်းရေးမှူးရုံးကို ကနေဒါနိုင်ငံ မွန်ထရီရယ်မြို့တွင် အခြေစိုက်ထားပြီး CBD လုပ်ငန်းများကို United Nations Environment Programme (UNEP) ၏ လုပ်ငန်းစဉ်အောက်တွင် ထည့်သွင်းဆောင်ရွက်ပါသည်။ CBD အတွင်းရေးမှူးရုံးသည် အစည်းအဝေးများ ဦးဆောင်ကျင်းပခြင်း၊ CBD လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် အဖွဲ့ဝင်နိုင်ငံများကို ပံ့ပိုးခြင်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်များ စုစည်းခြင်း၊ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

## ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ နိုင်ငံအဆင့် မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်

မြန်မာနိုင်ငံသည် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာကွန်ဗင်းရှင်း (Convention on Biological Diversity–CBD) ၏ အဖွဲ့ဝင်နိုင်ငံအဖြစ် ၂၃–၂–၁၉၉၅ ရက်နေ့မှစတင်၍ ပါဝင်ဆောင်ရွက်လျက်ရှိပြီး CBD အကောင်အထည်ဖော်ခြင်းကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံရှိ ဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့ရေးနှင့် စဉ်ဆက်မပြတ် အသုံးပြုနိုင်ရေးတို့အတွက် CBD ၏ အဖွဲ့ဝင်နိုင်ငံများမှ ရေးဆွဲအကောင်အထည်ဖော်ရသည့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ နိုင်ငံအဆင့် မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက် (National Biodiversity Strategies and Action Plans –NBSAP) ၂၀၁၅–၂၀၂၀ ကို ဆက်စပ်ဌာနအဖွဲ့အစည်းများနှင့် ရေးဆွဲခဲ့ပြီး ၎င်းဆက်စပ်ဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ခဲ့ကြပါသည်။



မြန်မာနိုင်ငံသည် CBD သို့ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီး ဇီဝလုံခြုံမှုဆိုင်ရာ ကာတာဂျီးနား နောက်ဆက်တွဲစာချုပ် (Cartagena Protocol on Biosafety) ကို ၁၃–၅–၂၀၀၈ ရက်နေ့တွင်လည်းကောင်း၊ ဇီဝအရင်းအမြစ်များအား အကျိုးတူခွဲဝေခြင်းဆိုင်ရာ နာဂိုယာ နောက်ဆက်တွဲစာချုပ် (Nagoya Protocol on Access and Benefit–sharing) ကို ၁၂–၁၀–၂၀၁၄ ရက်နေ့တွင်လည်းကောင်း လက်မှတ်ရေးထိုးခဲ့ပါသည်။

## အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနေ့

၂၉–၁၂–၁၉၉၃ ရက်နေ့တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂ



အထွေထွေညီလာခံအစီအစဉ်၏ ဒုတိယအကြိမ်မြောက် ကော်မတီ အစည်းအဝေးတွင် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ အကြောင်းကိစ္စရပ်များကို ပိုမိုနားလည်သဘောပေါက်စေရန်နှင့် သတိပြုမိစေရန်အတွက်ရည်ရွယ်၍ နှစ်စဉ်နှစ်တိုင်း မေလ ၂၂ ရက်နေ့အား **“အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနေ့”** အဖြစ် သတ်မှတ်ကြေညာခဲ့ပါသည်။

ယခုနှစ်၂၀၂၄ ခုနှစ် မေလ ၂၂ ရက်နေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနေ့ “International Day for Biodiversity” အတွက် ဆောင်ပုဒ်မှာ **“Be part of the Plan: ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး လူတိုင်းပါဝင်ဆောင်ရွက်ပေး”** ဟူ၍ ဖြစ်ပါသည်။



အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနေ့၏ ဆောင်ပုဒ်ဖြစ်သော “Be part of the Plan” သည် ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ အစီအစဉ်(Biodiversity Plan) တစ်ခုဖြစ်သည့် ကူမင်း–မွန်ထရီရယ် ကမ္ဘာလုံးဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲမူဘောင် (the Kunming–Montreal Global Biodiversity Framework) ကို အကောင်အထည်ဖော်ခြင်း၊ လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်ရန် ထောက်ပံ့ပေးခြင်းဖြင့် ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းကို ရပ်တန့်စေရန်အတွက် ဆက်စပ်ပတ်သက်သူများအားလုံး ပူးပေါင်းပါဝင်လာစေရန် တွန်းအားပေး လုပ်ဆောင်ခြင်း ဖြစ်ပါသည်။

ပန်းတိုင် ၄ ခုနှင့် ရည်မှန်းချက် ၂၃ ခု ပါဝင်သည့် ကူမင်း–မွန်ထရီရယ် ကမ္ဘာလုံးဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲမူဘောင်သည် အစိုးရဌာနများ၊ ဌာနေတိုင်းရင်းသားလူမျိုးများ၊ ဒေသခံများ၊ အစိုးရမဟုတ်သော






အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပုဂ္ဂိုလ်တစ်ဦးချင်းသည် ဇီဝမျိုးစုံမျိုးကွဲအစီအစဉ်များကို အကောင်အထည်ဖော်ရာတွင် ပံ့ပိုးပေးမည့်နည်းလမ်းများ ရှာဖွေ၊ အကြံပြုပေးရန် တိုက်တွန်းထားပြီး လူတိုင်းပါဝင်နိုင်သည့် အခန်းကဏ္ဍများလည်း ပါရှိသောကြောင့် လူတိုင်းသည် ဇီဝမျိုးစုံမျိုးကွဲအစီအစဉ်၏ အစိတ်အပိုင်းတစ်ခုဖြစ်နိုင်ပါသည်။ ဇီဝမျိုးစုံမျိုးကွဲအစီအစဉ်သည် သဘောတူညီမှုများ (Agreements) မှ လုပ်ငန်းဆောင်ရွက်မှုများ (Actions) သို့ ရောက်ရှိစေရန် အစိုးရများ၊ လူမှုအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်စေသည့် အရေးကြီးသော အစီအစဉ်တစ်ခုဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲများနေ့သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းရန်၊ ပြန်လည်တည်ထောင်ရန်၊ သဘာဝနှင့် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်၊ အကျိုးကျေးဇူးများကို မျှမျှတတဖြစ်စေနိုင်ရန်၊ သဘာဝအတွက် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန်နှင့် ပူးပေါင်းဆောင်ရွက်ရန်တို့အတွက် အရှိန်အဟုန်ဖြင့် ဆက်လက်လုပ်ဆောင်ရန် တိုက်တွန်းဆောင်ရွက်ပေးနေသည့် အကောင်းဆုံးအခွင့်အရေးတစ်ခုလည်း ဖြစ်ပါသည်။

ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ (၂၀၁၈) အရ ဇီဝမျိုးစုံမျိုးကွဲဆိုသည်မှာ ကုန်းမြေ၊ ပင်လယ်နှင့် အခြားရေဂေဟစနစ်များ၊ ၎င်းတို့ပါဝင်နေသော ဂေဟဗေဒအရ ဆက်စပ်မှုရှိသည့် အရင်းအမြစ်အားလုံး၏ သက်ရှိများအကြား ကွဲပြားမှုကိုဆိုလိုသည်။ ယင်းစကားရပ်တွင် မျိုးစိတ်များအတွင်း ကွဲပြားမှု၊ မျိုးစိတ်များအကြား ကွဲပြားမှုနှင့် ဂေဟစနစ်များ



အကြား ကွဲပြားမှုလည်းပါဝင်သည်။

ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာကွန်ဗင်းရှင်း၏ ထုတ်ပြန်ချက်အရ ဇီဝမျိုးစုံမျိုးကွဲများသည် လူသားများ၏ လူမှုဘဝဖူလုံရေး၊ ကျန်းမာသော ကမ္ဘာမြေ၊ သာယာဝပြောသောစီးပွားရေးအတွက် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်ပြီး မိခင်ကမ္ဘာနှင့် ညီညွတ်မျှတစွာ အတူယှဉ်တွဲနေထိုင်လျက်ရှိပါသည်။ လူသားများသည် အစားအစာ၊ ဆေးဝါး၊ စွမ်းအင်၊ သန့်ရှင်းသောလေနှင့် ရေ၊ သဘာဝဘေးအန္တရာယ်များမှ လုံခြုံမှု၊ အပန်းဖြေမှုနှင့် ယဉ်ကျေးမှု စသည်တို့အတွက် ဇီဝမျိုးစုံမျိုးကွဲများအပေါ် မှီခိုနေရပြီး ၎င်းသည် ကမ္ဘာပေါ်ရှိ သက်ရှိစနစ်အားလုံးကို ပံ့ပိုးပေးသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်းနှင့် ပြင်ပရှိမြန်မာ့တောရိုင်းတိရစ္ဆာန်များနှင့် အပင်များ ရေရှည်တည်တံ့နိုင်ရေးအတွက် အကြောင်းအမျိုးမျိုးကြောင့် မျိုးသုဉ်းရန်အန္တရာယ် ကျရောက်နေသော နို့တိုက်သတ္တဝါ၊ တွားသွားသတ္တဝါ၊ ငှက်များနှင့် အပင်မျိုးစိတ်များကို စီမံချက်များချမှတ်၍ အကောင်အထည်ဖော် ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါသည်။ တောဆင်ရိုင်းများ၊ ကျားများ၊ မြန်မာ့ရွှေသမင်များ၊ မိကျောင်းများ၊ ကြယ်လိပ်များ၊ ကုန်းနေရေနေနှင့် တွားသွားသတ္တဝါများ လေ့လာဖော်ထုတ် ထိန်းသိမ်းကာကွယ်ခြင်း၊ ရေဝပ်ဒေသများ ထိန်းသိမ်းခြင်း၊ အပင်၊ သစ်ခွနှင့် ပရဆေးပင်များ ထိန်းသိမ်းကာကွယ်ခြင်း စသည်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

စာမျက်နှာ ၇ သို့ ❖








❖ စာမျက်နှာ ၆ မှ

နေရင်းဒေသပြင်ပ၌ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများအနေဖြင့် ရှားပါး၍ မျိုးသုဉ်းရန်အန္တရာယ်ရှိသော အပင်နှင့်တိရစ္ဆာန်များ မျိုးဆက်မပြတ်စေရေးအတွက် တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)၊ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၊ မန္တလေးရတနာပုံဥယျာဉ်နှင့် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း စုဆောင်းစိုက်ပျိုး မွေးမြူထိန်းသိမ်းလျက်ရှိပါသည်။

## ထိန်းသိမ်းရေး၊ သုတေသနလုပ်ငန်းများ

ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ရာ၌ အထောက်အကူဖြစ်စေရန်နှင့် စနစ်တကျ မှတ်တမ်းတင်နိုင်ရန်အတွက် သစ်တောဦးစီးဌာနသည် သုတေသနလုပ်ငန်းများကို ပြည်တွင်းပြည်ပ မိတ်ဖက်အဖွဲ့အစည်းများနှင့် ဆောင်ရွက်ခဲ့ရာ ရွှေသမင်များ၏ ဂေဟစနစ် သုတေသနလုပ်ငန်း၊ မိကျောင်းများ နေရင်းဒေသအတွင်း ပြန်လည်စေလွှတ်ရေးသုတေသနလုပ်ငန်း၊ ကြယ်လိပ်များ မျိုးပွားရေးအတွက် သုတေသနပြုလုပ်ခြင်းလုပ်ငန်း၊ သစ်ခွများမျိုးပွားရေးအတွက် သုတေသနပြုလုပ်ခြင်းလုပ်ငန်း၊ ကျားအပါအဝင် အခြားတိရစ္ဆာန်များကို နိုင်ငံတကာတိရစ္ဆာန်ဥယျာဉ်များနှင့် ဆက်သွယ်၍ တိရစ္ဆာန် လဲလှယ်ရေး အစီအစဉ်အရ လဲလှယ်ပြီး နိုင်ငံအတွင်း၌ မျိုးပွားရေး သုတေသနလုပ်ငန်း၊ သစ်ပင်ကြီးများ၊ ဝါး၊ ကြိမ်၊ ပရဆေးပင်များ စုဆောင်း၍ ထိန်းသိမ်းရေး၊ သုတေသနလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံသည် ပထဝီဝင်အနေအထားအရ ဟိမဝန္တာတောင်စဉ် တောင်တန်းဒေသများတွင် ပါဝင်နေသည်သာမက အင်ဒိုချိုင်းနားနှင့် မလေးကျွန်းဆွယ်ဒေသတို့အတွင်း ထိစပ်ပါဝင်နေသည့်အတွက် ဇီဝမျိုးစုံမျိုးကွဲများစွာတို့ကို တွေ့မြင်နိုင်သည့် ဇီဝပထဝီဝင် (Biogeography) အနေအထားအရ ထူးခြားကောင်းမွန်သည့် နိုင်ငံတစ်ခုအဖြစ်လည်း ထင်ရှားပါသည်။ ရေခဲတောင်ဂေဟစနစ်မှသည် ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါဂေဟစနစ်အထိလည်း တွေ့ရှိနိုင်သည့်အတွက် ဂေဟစနစ်မျိုးစုံရှိသည့် နိုင်ငံတစ်ခုဖြစ်သည်သာမက ၎င်းဂေဟစနစ်များတွင် ရှင်သန်ပေါက်ရောက်နေထိုင်ကြသည့် သဘာဝအပင်မျိုးစိတ်များနှင့် သတ္တဝါမျိုးစိတ်များစွာတို့ကို တွေ့ရှိနိုင်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်လှသည့်အပြင် သဘာဝပတ်ဝန်းကျင် အခြေအနေကောင်းများစွာ ဖြစ်တည်နေသည့်အတွက် ရေရှည်တည်တံ့စေရေး ထိန်းသိမ်းကာကွယ်ရန်မှာ နိုင်ငံသားတိုင်း၏ သမိုင်းပေးတာဝန်တစ်ရပ်အဖြစ် တည်ရှိနေပြီး ဆက်လက်ထိန်းသိမ်းကာကွယ်သွားကြရန် ထိန်းသိမ်းရေးအသိအမြင်များနှင့် ထိရောက်သည့် စီမံအုပ်ချုပ်မှုစနစ်ကောင်းများရှိရန် လိုအပ်လှပေသည်။ မြန်မာနိုင်ငံသည် သစ်တောအမျိုးအစားနှင့် ဂေဟစနစ်မျိုးစုံသည့်အလျောက် အပင်မျိုးစိတ်များ၊ နို့တိုက်သတ္တဝါများ၊ ကျေးငှက်၊ ကုန်းနေရေနေနှင့် တွားသွားသတ္တဝါများ၊ ရေနေသတ္တဝါများ မျိုးစိတ်အမြောက်အမြား ကျက်စားနေထိုင်မှုကို ဖော်ထုတ်တွေ့ရှိရပါသည်။ ကျား၊ အာရှဆင်၊ မြန်မာနှာခေါင်းလန်မျောက်မျိုးစိတ်၊ ပန်ဒါနီ၊ ရွှေရောင်သားမင်း၊ အင်းကျား၊ ကြံ့သူတော် စသည့်ရှားပါးသတ္တဝါများ သာမက မြန်မာ့ဒေသမျိုးရင်းသတ္တဝါများနှင့် အပင်မျိုးစိတ်များဖြစ်သည့် သစ်ခွနက်၊ သော်ကကြီး၊ မြန်မာ့ကြယ်လိပ်၊ ရွှေသမင်၊ မျက်ခုံးဖြူငှက်ပြာခြောက် စသည်တို့ကိုလည်း ဖော်ထုတ်မှတ်တမ်းတင်ထားရှိပါသည်။

## ရှားပါးဆောင်းခိုငှက်မျိုးစိတ်များ

မြန်မာနိုင်ငံသည် ဒေသပြောင်းရွှေ့ကျက်စားသည့် ဆောင်းခိုငှက်များကျရောက်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကမ္ဘာ့မြောက်ခြမ်းဒေသများမှ ငှက်မျိုးစိတ်များ ဆောင်းခိုကျရောက် ကျက်စားသည့်နိုင်ငံလည်းဖြစ်၍ ကမ္ဘာလုံးဆိုင်ရာ မျိုးသုဉ်းမည့်အန္တရာယ်နှင့် ရင်ဆိုင်နေရသည့် ရှားပါးဆောင်းခိုငှက်မျိုးစိတ်များ ကျရောက်ခိုလှုံကျက်စားမှုရှိကြောင်းကိုလည်း တွေ့ရှိရပါသည်။ အလားတူ ရှားပါးငှက်မျိုးစိတ်များဖြစ်သည့် ဟိမဝန္တာလင်းတငှက်များ၊ သိန်းစွန်၊ လင်းယုန် ငှက်မျိုးစိတ်များပါ ကျရောက်ကျက်စားမှုရှိကြောင်း လေ့လာမှတ်တမ်းတင်ထားပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ဇီဝမျိုးစုံမျိုးကွဲကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် ဒေသတွင်းလုပ်ငန်းအဖွဲ့များတွင်လည်း တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိပါသည်။

သဘာဝအရင်းအမြစ်များဖြစ်သည့် ဇီဝမျိုးစုံမျိုးကွဲများကို လူသားတို့၏ လိုအပ်ချက်များ ဖြည့်ဆည်းရန် အလွန်အကျွံထုတ်ယူသုံးစွဲခြင်း၊ အခြားနည်းလမ်းများကြောင့် ပျက်စီးထိခိုက်စေခြင်းတို့သည် သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေသည်သာမက ဂေဟစနစ်များကိုလည်း ပျက်စီးစေသဖြင့် ကမ္ဘာပေါ်မှ တောရိုင်းတိရစ္ဆာန်များ၊ သဘာဝသယံဇာတအရင်းအမြစ်များ လျော့နည်းပျောက်ကွယ် ဆုံးရှုံးလျက်ရှိသည်။ ထိုကဲ့သို့ လူသားတို့ပယောဂကြောင့် ပျက်စီးဆုံးရှုံးနေမှုများကို သဘာဝပတ်ဝန်းကျင် အခြေအနေကောင်းများ ပြန်လည်တိုးတက်ဖြစ်ထွန်းလာစေရေး၊ ဂေဟစနစ်များ ညီညွတ်မျှတစေရေးတို့အတွက် ပြန်လည်ထိန်းသိမ်းကာကွယ်ရန်မှာလည်း လူသားများ၏ တာဝန်တစ်ရပ်ပင်ဖြစ်ပေရာ ယခုနှစ်ကွန်ဗင်းရှင်းဆောင်ပုဒ် “Be Part of the Plan” အဖြစ် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးတွင် တစ်ဦးတစ်ယောက်ချင်းစီက မိမိတို့အသံ၊ မိမိတို့မူဟန်ဖြင့် ပါဝင်ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းရေး ဆောင်ရွက်ရာ၌ သစ်တောဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံအတွင်း၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးလုပ်ငန်းဆိုင်ရာများ၊ သုတေသနဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဆက်စပ်ကဏ္ဍ၊ အဖွဲ့အစည်းအသီးသီးတို့နှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနေ့များ၏ ဆောင်ပုဒ်နှင့်အညီ ၂၀၂၄ ခုနှစ် မေလ ၂၂ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲနေ့ (International Day for Biodiversity– IDB) ကို ဂုဏ်ပြုရင်း လူသားအားလုံးတို့သည် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေရေးအတွက် ၎င်းတို့မှီတင်းနေထိုင်ရာ နေရင်းဒေသများကို ကာကွယ်ထိန်းသိမ်းရေးအတွက် ပိုမိုကြိုးပမ်းအားထုတ်ကြပါရန် နှိုးဆော်တိုက်တွန်းလိုက်ပါသည်။

2024 – Be part of the Plan
2023 – From agreement to action: Build back biodiversity
2022 – Building a shared future for all life
2021 – We're part of the solution
2020 – Our solutions are in nature
2019 – Our Biodiversity, Our Food, Our Health
2018 – Celebrating 25 Years of Action for Biodiversity
2017 – Biodiversity and Sustainable Tourism
2016 – Mainstreaming Biodiversity; Sustaining People and their Livelihoods
2015 – Biodiversity for Sustainable Development
2014 – Island Biodiversity
2013 – Water and Biodiversity
2012 – Marine Biodiversity
2011 – Forest Biodiversity
2010 – Biodiversity, Development and Poverty Alleviation
2009 – Invasive Alien Species
2008 – Biodiversity and Agriculture
2007 – Biodiversity and Climate Change
2006 – Protect Biodiversity in Drylands
2005 – Biodiversity: Life Insurance for our Changing World
2004 – Biodiversity: Food, Water and Health for All
2003– Biodiversity and poverty alleviation – challenges for sustainable development
2002 – Dedicated to forest biodiversity


**အကိုးအကားများ**

- https://www.cbd.int/biodiversity-day#:~:text=This%20universal% 20observance%20commemorates%20the,Protocols%20and%20related%20action%20frameworks.
- https://www.cbd.int/gbf





> **❝ မြန်မာနိုင်ငံသည် ပထဝီဝင်အနေအထားအရ ဟိမဝန္တာတောင်စဉ် တောင်တန်းဒေသများတွင် ပါဝင်နေသည်သာမက အင်ဒိုချိုင်းနားနှင့် မလေးကျွန်းဆွယ်ဒေသတို့အတွင်း ထိစပ်ပါဝင်နေသည့်အတွက် ဇီဝမျိုးစုံမျိုးကွဲများစွာတို့ကို တွေ့မြင်နိုင်သည့် ဇီဝပထဝီဝင် (Biogeography) အနေအထားအရ ထူးခြားကောင်းမွန်သည့် နိုင်ငံတစ်ခုအဖြစ်လည်း ထင်ရှားပါသည်။ ရေခဲတောင်ဂေဟစနစ်မှသည် ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါဂေဟစနစ်အထိလည်း တွေ့ရှိနိုင်သည့်အတွက် ဂေဟစနစ်မျိုးစုံရှိသည့် နိုင်ငံတစ်ခုဖြစ်သည်သာမက ၎င်းဂေဟစနစ်များတွင် ရှင်သန်ပေါက်ရောက်နေထိုင်ကြသည့် သဘာဝအပင်မျိုးစိတ်များနှင့် သတ္တဝါမျိုးစိတ်များစွာတို့ကို တွေ့ရှိနိုင် ❞**

# ပညာရေးဝန်ကြီးဌာန အားကစားနည်းပြ မွမ်းမံသင်တန်း(၁/၂၀၂၄)ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မေ ၂၀

ပညာရေးဝန်ကြီးဌာနနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတို့ ပထမဦးဆုံးအကြိမ် ပူးပေါင်းဖွင့်လှစ်သော အဆင့်မြင့်ပညာဦးစီးဌာန အားကစားနည်းပြမွမ်းမံသင်တန်း(၁/၂၀၂၄)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပ သည်။



**တက်ရောက်**

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာဇော်မြင့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများ၊ ဆရာ ဆရာမများ၊ အားကစားနှင့် ကာယပညာဦးစီး ဌာနနှင့် အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ အားကစားနည်းပြ၊ အားကစားမှူး၊ အားကစားတာဝန်ခံ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင်ဒုတိယဝန်ကြီးက ကျောင်းစာ တွင်သာမက အားကစားတွင်ပါ ထူးချွန်ထက်မြက် သော နိုင်ငံအတွက်အားထားရသည့် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွန်းလာစေရေးသည် အားကစားနည်းပြ၊ အားကစားမှူးနှင့် အားကစား တာဝန်ခံဆရာ ဆရာမများအပေါ်တွင် မူတည်ကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍအနေဖြင့် နှစ်စဉ်အားကစား ပြက္ခဒိန်ရေးဆွဲပြီး ကျောင်းတွင်းပြိုင်ပွဲ၊ ကျောင်းပေါင်းစုံ ပြိုင်ပွဲ၊ ဇုန်အဆင့်ပြိုင်ပွဲနှင့် ဗဟိုအဆင့်ပြိုင်ပွဲများကို နှစ်စဉ်ကျင်းပပေးလျက်ရှိကြောင်း၊ အဆိုပါပြိုင်ပွဲများ မှ ထူးချွန်ထက်မြက်သည့် ကျောင်းသား ကျောင်းသူ များကို စိစစ်ရွေးချယ်ကာ တက္ကသိုလ်လက်ရွေးစင်မှ သည် မြန်မာ့လက်ရွေးစင်ဆီသို့ဟူသော ဦးတည်ချက် ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ နိုင်ငံ၏ အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီး ဌာနအဆင့်မှသည် နိုင်ငံတော်အဆင့်၊ အရှေ့တောင် အာရှအဆင့်၊ အာရှအဆင့်မှသည် ကမ္ဘာ့အဆင့်အထိ ထိုးဖောက်နိုင်စေရေး ရည်မှန်းချက်ထားပြီး မလျှော့ သော ဇွဲ၊ လုံ့လတို့ဖြင့် ကြိုးပမ်းအားထုတ်လေ့ကျင့် ပေးကြစေလိုကြောင်း ပြောကြားကာ သင်တန်းကို ဖွင့်လှစ်ပေးသည်။

ယခုသင်တန်းတွင် ဘောလုံး၊ ဖူဆယ်၊ ဘော်လီ ဘော၊ ဘတ်စကက်ဘော၊ ပိုက်ကျော်ခြင်း၊ စားပွဲတင် တင်းနစ်နှင့် ပြေးခုန်ပစ် အားကစားနည်းများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစား နှင့်ကာယပညာဦးစီးဌာန၏ဦးဆောင်မှုဖြင့်အားကစား အဖွဲ့ချုပ်များမှ ကျွမ်းကျင်ပညာရှင်များက ၁၆ ရက် ကြာ သင်တန်းပို့ချသွားမည်ဖြစ်ပြီး တက္ကသိုလ်၊ ဒီဂရီ ကောလိပ်များမှ အားကစားနည်းပြ စုစုပေါင်း ၈၆ ဦး တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြင်ဦးလွင်ခရိုင် လူထုအခြေပြုဗဟိုဌာန၌ သူ့အတွေးကိုယ့်အမြင် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

ပြင်ဦးလွင် မေ ၂၀

သူ့အတွေးကိုယ့်အမြင် တွေ့ဆုံ ဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ပြင်ဦးလွင် ခရိုင်လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆရာတော် ဦးယျေဉ္ဇတည်ထောင်သော ပြင်ဦးလွင်မြို့ ပရဟိတမျက်မမြင် ဘက်စုံပညာသင် ကျောင်း မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မြို့နယ် ကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ် ဗမာလူမျိုး၊ စာပေနှင့် ယဉ်ကျေးမှု အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့နယ်အိမ်ခြံမြေ ဝန်ဆောင်မှုအသင်းမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့နယ်သတင်းစာဆရာအသင်း ဒုတိယ ဥက္ကဋ္ဌ၊ မြို့နယ် Women Club၊ Youth Club နှင့် Book Club အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အစိုးရ စက်မှုလက်မှုသိပ္ပံကျောင်းမှ ကျောင်းသား ကျောင်းသူများ စုစုပေါင်း အင်အား ၅၀ တက်ရောက်ကြသည်။

**ဆွေးနွေး**

ဆွေးနွေးပွဲတွင် ပရဟိတမျက်မမြင် ဘက်စုံပညာသင်ကျောင်းမှ မန္တလာ တက္ကသိုလ်တွင် ဒဿနိကဗေဒအထူးပြု ဘာသာရပ်ပညာ သင်ကြားနေသော မျက်မမြင်ကျောင်းသား မောင်မောင်မြင့် နှင့် ရတနာပုံတက္ကသိုလ်တွင် ဥပဒေပညာ သင်ကြားနေသော မသန်စွမ်းကျောင်းသူ မခင်ထူးမာတို့က ၎င်းတို့၏ ဘဝနှင့် ပတ်သက်၍ အတွေးအမြင်များ၊ ဇွဲလုံ့လ တို့ဖြင့် ဘဝကိုအရှုံးမပေးဘဲ ကြိုးစားခဲ့ပုံ များ၊ တွေ့ကြုံရသော အခက်အခဲများကို ဖြေရှင်းခဲ့ပုံများအား ဆွေးနွေးသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာသော အသင်းအဖွဲ့များမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အစိုးရစက်မှု လက်မှုသိပ္ပံ(ပြင်ဦးလွင်)မှ ကျောင်းသား ကျောင်းသူများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ နှင့် ဖိတ်ကြားထားသော ဧည့်သည်တော် များက မျက်မမြင်ကျောင်းသားကျောင်းသူ များ၏ ကြိုးစားမှု၊ မလျှော့သော ဇွဲလုံ့လ များဖြင့် ကြိုးစားမှုများအပေါ် လေးစား ဂုဏ်ယူကြောင်း၊ ၎င်းတို့၏ ကြိုးစားမှုများ ကို မြင်တွေ့ပြီး မိမိတို့လည်း ယခုထက် ပိုမိုကြိုးစားရန် အတွေးအမြင်များရပါ ကြောင်းနှင့် ခွန်အားဖြည့် မုဒိတာ စကားများ ပြောကြားကာ စာရေးဆရာ ကိုရွှေအောင်သင်းက ဘဝခွန်အားဖြစ် စာပေရသဝတ္ထုတိုအား ဟောပြော ဆွေးနွေးသည်။

အခမ်းအနားသို့ တက်ရောက်လာ သော စေတနာရှင်များက ပြင်ဦးလွင် မြို့ ပရဟိတမျက်မမြင် ဘက်စုံပညာသင် ကျောင်းမှ ကျောင်းသား ကျောင်းသူများ အတွက် အလှူငွေများ ပေးအပ်ရာ ဆရာမ သီတဂူ(ကျောက်ဆည်)က ကျောင်းသား ကျောင်းသူများကိုယ်စား လက်ခံခဲ့ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြား ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကြေညာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက် များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စာဖတ်နှုန်းမြင့်တက်စေရန် ရည်ရွယ် ၍ တစ်ဖက်တစ်လမ်းမှ ပါဝင် ဝန်ဆောင် မှုပေးသည့်အနေဖြင့် ပြန်ကြားရေး ဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထု အခြေပြုဗဟိုဌာန(စာကြည့်တိုက်)များ သို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက် များတွင်(အခမဲ့)ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့စာတိုက်လုပ်ငန်း
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး
ဝန်ကြီးဌာန




# အရာထမ်းငယ်သင်တန်းအမှတ်စဉ်(၁၂၉) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၀

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းငယ်သင်တန်းအမှတ်စဉ်(၁၂၉) သင်တန်း ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါတက္ကသိုလ် ရတနာသိင်္ဃခန်းမ၌ ကျင်းပရာ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပညာဌာန များမှ ပါမောက္ခများ၊ သင်ကြားပို့ချမည့် ဆရာ ဆရာမ များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက် ကြသည်။

အခမ်းအနားတွင် ဒုတိယပါမောက္ခချုပ်(စီမံ ခန့်ခွဲရေး)က သင်တန်းဖွင့်အမှာစကား ပြောကြား သည်။

အရာထမ်းငယ်သင်တန်း အမှတ်စဉ်(၁၂၉)သို့ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၁၆၅ ဦး၊ သင်တန်းသူ ၁၉၃ ဦး စုစုပေါင်း ၃၅၈ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၀ ပတ် ကြာမြင့်မည်ဖြစ်သည်။

**သတင်းစဉ်**

# ရန်ကုန်အနောက်ပိုင်းခရိုင် လူထုအခြေပြုဗဟိုဌာန(ဗဟန်း)၌ နွေရာသီကွန်ပျူတာသင်တန်း(၂/၂၀၂၄)ဖွင့်လှစ်

ရန်ကုန် မေ ၂၀

ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနနှင့် ရန်ကုန် တိုင်းဒေသကြီး ကွန်ပျူတာ ဝါသနာရှင်များအသင်းတို့ ပူးပေါင်း ဖွင့်လှစ်သော နွေရာသီကွန်ပျူတာ သင်တန်း(၂/၂၀၂၄)ဖွင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန် အနောက်ပိုင်းခရိုင် လူထုအခြေပြု ဗဟိုဌာန(ဗဟန်း)၌ ကျင်းပသည်။



**ရှင်းလင်းပြောကြား**

အဆိုပါ နွေရာသီကွန်ပျူတာ သင်တန်း ဖွင့်ပွဲအခမ်းအနား၌ ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာ ဝါသနာရှင်များ အသင်းမှ ဦးငွေလင်းက သင်တန်းတွင်ပို့ချ မည့် ဘာသာရပ်များနှင့်ပတ်သက် ၍ ရှင်းလင်းပြောကြားပြီး ရန်ကုန် အနောက်ပိုင်းခရိုင် (ဗဟန်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင် က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။

ယင်းနောက် ကမာရွတ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့၊ ဗဟန်း မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းတို့မှ သင်တန်းသားများ အတွက် စာရေးကိရိယာများ ထောက်ပံ့ကြသည်။

ကွန်ပျူတာ အခြေခံသင်တန်း (၂/၂၀၂၄)သို့ အစိုးရရုံးများ၊ အခြေခံ ပညာကျောင်းများနှင့် မြို့နယ် အတွင်းရှိ ကွန်ပျူတာပညာ စိတ်ဝင်စားသူ ၂၀ တက်ရောက်ခဲ့ ကြပြီး သင်တန်းတွင်ကွန်ပျူတာ ရုံးသုံး၊ Word၊ Excel၊ Power Point၊ Email၊ Internet အခြေခံ အသုံးပြုနည်း၊ Sofware ထည့်နည်း၊ Font ထည့်နည်း၊ Graphic Design အခြေခံတို့ကို စာတွေ့၊ လက်တွေ့သင်ကြားပို့ချ ပေးမည်ဖြစ်ကာ သင်တန်းကာလ မှာ တစ်လဖြစ်ပြီး အခမဲ့ သင်ကြား ပို့ချပေးမည်ဖြစ်ကြောင်း သိရ သည်။

**အောင်မြင့်(ပြန်/ဆက်)**

## ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့



" သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး "
" Land restoration, desertification and drought resilience "

# ပြည်မြို့နယ်အတွင်း စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေး လိုအပ်သည်များ ကွင်းဆင်းဆောင်ရွက်

ပြည် မေ ၂၀

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက ပြည်မြို့နယ်အတွင်း စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်း ပြည့်မီစေရေး လိုအပ်သည်များ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။




မှာကြား

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်မြို့ ဇီးအုပ်ကျေးရွာအုပ်စုရှိ စိုက်ပျိုးပညာပေးစခန်း၌ ဒေသခံတောင်သူများနှင့် တွေ့ဆုံခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် ၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက် ရာသီအတွက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ပဲစင်းငုံမျိုးသန့်မျိုးစေ့များ၊ ပိုက်ဆံလျှော်မျိုးသန့်မျိုးစေ့များ၊ သွင်းအားစု ဓာတ်မြေဩဇာ အိတ်များ ထောက်ပံ့ပေးအပ်ခဲ့သည်။ ၎င်းနောက် တောင်သူလယ်သမားသင်တန်းကျောင်းရှိ သင်တန်းသားအိပ်ဆောင်များ၊စာသင်ဆောင်များနှင့် ထမင်းစားဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြား ခဲ့သည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ပြည်မြို့နယ်အတွင်း ၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ရာသီ၌ ပဲစင်းငုံ ဧက ၃၁၀ သီးညှပ် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဇီးအုပ်ကျေးရွာအုပ်စု၌ ၂၀၂၃-၂၀၂၄ ခုနှစ် ဆောင်းသီးနှံမတ်ပဲအပြီး ဒုတိယသီးနှံ(နွေ)မတ်ပဲ အထွက်နှုန်းကောင်း TBL-9 စမ်းသပ်စိုက်ပျိုးထားရှိမှုများကို သွားရောက်ကြည့်ရှုခဲ့ပြီး ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် လိုအပ်သည့် စိုက်ပျိုး နည်းစနစ်များကို ဒေသခံတောင်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား လမ်းညွှန် မှာကြားခဲ့သည်။

ထို့နောက် နတ်တလင်းကျေးရွာအုပ်စုရှိ တောင်သူ ဦးအောင်ဆန်းဦး၏ YSR-1(Yezin Super Rice) စံပြမျိုးစေ့ထုတ် စိုက်ခင်းသို့ သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး အထွက်နှုန်းကောင်းပြီး ဈေးကွက်ဝင်ကာ ပြည်တွင်းစားသုံးမှုသာမက ပြည်ပပို့ကုန်အတွက်လည်း အကျိုးရှိသဖြင့် ကန်ထရိုက်လယ်ယာစနစ်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးသွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။ ပဲခူးတိုင်းဒေသကြီးအတွင်း YSR-1(Yezin Super Rice) စံပြမျိုးစေ့ထုတ်စိုက်ခင်း ၁၀၂ ဧက စိုက်ပျိုးထားရှိကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ပြည်မြို့ ပြည်သာယာရပ်ကွက်ရှိ ဦးတင်အောင်ဖြူ၏ ဝေဖြိုးစားသောက်ကုန်လုပ်ငန်းအား သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ပြည်ပဈေးကွက်တင်ပို့နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဒိုက်ဦးမြို့၌ ၂၀၂၄ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်

ဒိုက်ဦး မေ ၂၀

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၏ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် မိုးစပါး စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး တိုင်းဒေသကြီးမန်နေဂျာ ဦးကျော်သူရက ၂၀၂၄ ခုနှစ် ဘဏ်ချေးငွေထုတ်ချေးရခြင်းအကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး ခရိုင်အာမခံ တာဝန်ခံ ဒေါ်ညိုညိုမြင့်၊ ပဲခူးခရိုင်ဘဏ်ခွဲမန်နေဂျာ ဦးတင်စိုး၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာတို့က မိုးစပါးသီးနှံအာမခံနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားကြသည်။



ထို့နောက် ပဲခူးတိုင်းဒေသကြီး တိုင်းဒေသကြီးမန်နေဂျာ၊ ပဲခူးခရိုင်ဘဏ်ခွဲ ခရိုင်မန်နေဂျာနှင့် မြို့နယ်ဘဏ်ခွဲမန်နေဂျာတို့က တောင်သူများအား ချေးငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကျော်ကျော်(ပြန်/ဆက်)**

## သွန်းမြဲညောင်ရေ ကဆုန်နွေ

❖ တန်ခူး ရေကုန်
ကဆုန်မှာ ရေတွေခန်းသတဲ့
စမ်းသွေ့တဲ့ ရာသီနွေ။
❖ မြေသင်းပျံ့ပျံ့ မိုးနံ့နံ့
မိုးရနံ့ဝေ။
❖ အကြိုမိုးထောက်ရင်း
ဟိုရိုးတစ်လျှောက် ဖူးပုရစ်တွေ
ထူးသစ်ဝေတဲ့ အလှတရား။
❖ နွေအကုန် မိုးအရွေ့မို့
တိုး၍သာ ပူရှိန်ပြင်း
ညှဉ်းရော့လေလား။
❖ ပန်းစကားဝါ ပွင့်ဝေလှ
နွေပြီသ လကဆုန်။
❖ ဝိသာခါ ကြယ်နက္ခတ်
ရက်မြတ်ခါကြို။
❖ "ဗျာ" "ဖွား" "ပွင့်" "စံ" ဤလေးတန်
အမှန်ထူးမြတ် ဦးခိုက်မကုန်
ကဆုန်လပြည့် ဗုဒ္ဓနေ့။
❖ အမျိုးသာကီတို့
ရိုးရာအညီ ညောင်ရေသွန်းလို့ရယ်
တောင်ကျွန်းဇမ္ဗူ၊ အေးနိမိတ်မြဲရအောင်
နွှဲကြတယ်လေ့။
❖ ရေအိုးကိုယ်စီ ရွက်ကာလှမ်း
ရွာလမ်းထက် တူစုံညီ။
❖ လုံမပျို ဖော်တစ်သင်း
ရင်းနှီးချစ်ကြည်။
❖ ဒိုးပတ်သံ ညံမစဲ
ကျောင်းဝိုင်းထဲ တိုးကျိတ်စည်
တက်ညီလက်ညီ ပါဝင်နွှဲ။
❖ ဗောဓိညောင် ဗုဒ္ဓဟေနန်းကို
ရေအေးကြည် သွန်းကာဖျန်း
ချမ်းမြရင်ထဲ။
❖ ဇီဝိတဒါန ငါးလွှတ်ပွဲ
ဆင်နွှဲလို့ ကုသိုလ်ယူ။
❖ ဗုဒ္ဓနေ့ အကြောင်းပြု
တောင်းဆုနိဗ္ဗူ။
❖ အလှတွင် အယဉ်ဆင့်
အသွင်တင့်တဲ့ စံနမူ
မြန်ပြည်သူ ရှေ့ခရီး။
❖ ပန်းအောင်သပြေနဲ့
သွန်းညောင်ရေ အကျိုးအားကြောင့်
တိုးပွားရှင်သန် အေးချမ်းမြလန်းလှစေသတည်း။ ။

ဇော်မင်းမင်းဦး

# အနာဂတ်ကိုမြော်တွေး အားလုံးကျောင်းနေနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြပါစို့

ကိုလူလှ

**လူ့ဘောင်လောကတွင် ကလေးသူငယ် ငယ်ရွယ်သူများသည် အမှား၊ အမှန်၊ အကောင်း၊ အဆိုး၊ အသိပညာဗဟုသုတများ မရှိကြသေးပေ။ လက်ဦးဆရာ မိဘဆရာသမားများ၏ သွန်သင်ညွှန်ပြမှုများဖြင့် လူလားမြောက်ကြရသည်။ တစ်နည်းဆိုလျှင် အသိပညာတိုးလာစေရန် ကျောင်းတက် ပညာရှာကြရသည်။ ပညာကို ပြီးဆုံးအောင် အပတ်တကုတ် သင်ယူ ကြိုးပမ်းအားထုတ်လျှင် အားထုတ်သလောက် ထူးချွန်ထက်မြက်သူများ ဖြစ်လာကြသည်။ ပညာသင်ကြားမှုပြီးဆုံးသည့်အခါ မိမိကိုယ်ပိုင်ရပ်တည်နိုင်သော စွမ်းရည်၊ မိမိကိုယ်တိုင် ထိန်းကျောင်းနိုင်သော စွမ်းအားများရရှိပြီး မိမိ၊ မိမိ မိသားစု၊ မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံကို အကျိုးပြုမည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာနိုင်သည်။**

### ပညာတတ်ပေါ်များ

ထို့ကြောင့် နိုင်ငံတိုင်း နိုင်ငံတိုင်းသည် နိုင်ငံတိုးတက်ရေး၊ လူမှုဘဝမြင့်မားရေးအတွက် ပညာရေးတွင် များစွာရင်းနှီးမြှုပ်နှံနေကြသည်။ ပညာရေးကို အားပေးမြှင့်တင်နေကြသည်။ ပညာတတ်များ ပေါ်များရေး၊ လူသားအရင်းအမြစ်များ ကြွယ်ဝရေးကို မြော်တွေးပြီး အရွယ်ရောက်သူတိုင်း ကျောင်းနေရေး၊ ကျောင်းနေသူတိုင်း ပညာတတ်များ ဖြစ်လာရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။ ပညာရေးကို အားပေးသောနိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ ပညာရေးကို အားပေးသည်ဆိုရာ၌ နိုင်ငံသားတိုင်း ပညာကို ဆုံးခန်းတိုင်သင်ကြားနိုင်ရေး၊ ပညာတတ်ပေါ်များလာရေးကို အလေးထားကြသည်။ ပညာတတ်များ ပေါ်များသဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ကြသည်။ အမှား၊ အမှန်၊ အကောင်း၊ အဆိုး ခွဲခြားရှုမြင်တတ်သူများ များလာသည်။

ပညာတတ်ပေါ်များသော နိုင်ငံများသည် အသိပညာကြွယ်ဝကြသဖြင့် မည်သည့်နိုင်ငံရေးစနစ်ကို ကျင့်သုံးသည်ဖြစ်စေ အကောင်း၊ အဆိုး၊ အကြောင်း၊ အကျိုးတို့ကို ခွဲခြားရှုမြင်သုံးသပ်နိုင်စွမ်းရှိပြီး မိမိနိုင်ငံ တိုးတက်မှုကို အထိအခိုက်မခံဘဲ တည်တည်ငြိမ်ငြိမ် ဆောင်ရွက်နိုင်ကြသည်။ သို့သော် ပညာတတ်သူတိုင်း အားလုံးကိုမဆိုလို၊ အတ္တကြောင့် မခွဲခြား၊ မရှုမြင်နိုင်သူများလည်းရှိသည်။ အသိခေါက်ခက် အဝင်နက်သူများလည်း ရှိသည်။



**❛ နိုင်ငံတော်အနေဖြင့် ကျောင်းနေအရွယ်ကလေးများအားလုံး အရည်အသွေးကောင်းမွန်ပြီး အဆင့်မီသည့်ပညာသင်ယူနိုင်ခွင့်ရအောင် ဖန်တီးဖော်ဆောင်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ Education for All ဆိုသည့်အတိုင်း အားလုံးအတွက်ပညာရေးကို မဖြစ်မနေအကောင်အထည်ဖော်လျက်ရှိသည်။ ရည်ရွယ်ချက်မှာ ကလေးသူငယ် လူငယ်လူရွယ်အားလုံး ကျောင်းနေနိုင်ရေးဖြစ်သည်။ ရည်မှန်းချက်သို့ရောက်သည်အထိ စဉ်ဆက်မပြတ် ပညာသင်နိုင်ရေးဖြစ်သည်။ နိုင်ငံအတွင်း ပညာတတ်သူများ ပေါ်များလာရေးဖြစ်သည်။ ပေါ်ကြွယ်ဝသည့် ပညာတတ်များ၊ လူ့စွမ်းအားအရင်းအမြစ်များဖြင့် နိုင်ငံကိုတည်ဆောက်ကြရန်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်လာရန်၊ နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်ရန်ဖြစ် ❜**

မှန်ကန်စွာ တွေးတောဆင်ခြင်နိုင်စွမ်းရှိသည့် ပညာတတ်များနည်းနေခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ လိုရင်းမှာ ပညာတတ်ပြီး မိမိနိုင်ငံ၊ မိမိဘဝကို အထိခိုက်မခံနိုင်သည့် ပညာတတ်များ၊ ခွဲခြားရှုမြင်သုံးသပ်နိုင်စွမ်းရှိသည့် ပညာတတ်နိုင်ငံသားများ များများစားစား ဖြစ်ထွန်းလာရေးဖြစ်သည်။

### တည်ငြိမ်စွာဆောင်ရွက်

ဖွံ့ဖြိုးပြီးနိုင်ငံများတွင် နိုင်ငံရေးခံယူချက် မည်မျှကွဲလွဲသော်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အထိအခိုက်မခံရေး ဘုံရည်မှန်းချက်ထားရှိကြသည်။ အိမ်နီးချင်း၊ ဒေသတွင်း ဖွံ့ဖြိုးစနိုင်ငံများသည်ပင် အဆိုပါခံယူချက်များရှိနေကြပြီဖြစ်သည်။ အစိုးရက ပညာကိုအားပေးပြီး ပြည်သူများက ပညာကို လိုလားကြသောကြောင့် နိုင်ငံ၏ ပညာအညွှန်းကိန်းမြင့်မားလာသည်။ သာဓကအားဖြင့် မကြာသေးသောကာလက ထိုင်းနိုင်ငံ၏နိုင်ငံရေးအပြောင်းအလဲတွင် ကြီးမားသောရိုက်ခတ်မှုများရှိခဲ့သော်လည်း ပညာတတ်မြောက်ကြသော နိုင်ငံသူ နိုင်ငံသားများ၏ ဆင်ခြင်တုံတရားကြောင့် တိုင်းပြည်ကို အထိအခိုက်မခံဘဲ တည်ငြိမ်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ ဆင်ခြင်တုံတရားရှိခြင်းမှာ ပညာကြောင့်ဟု ဆိုနိုင်သည်။

မြန်မာနိုင်ငံ၌ ပညာရေးတွင် အားနည်းချက်များရှိနေသောကြောင့် နိုင်ငံရေးတည်ငြိမ်မှု အားနည်းမှုရှိနေသည်ဟု ပြောရမလိုဖြစ်သည်။ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်း ကောက်ယူမှုစစ်တမ်းများအရ စာတတ်မြောက်မှု ရာခိုင်နှုန်း ၈၂ ရာခိုင်နှုန်းခန့်ရှိသည်ဟု သိရသည်။ မြန်မာနိုင်ငံတွင် စာမတတ်သူ ရာခိုင်နှုန်းအနည်းငယ်သာကျန်ရှိသဖြင့် ဝမ်းသာစရာဖြစ်သည်။ ကျန်ရှိသော စာမတတ်မြောက်သေးသူများ အမြို့မြို့အနယ်နယ်အလိုက် အခြေခံစာတတ်မြောက်ရေး စာသင်ဝိုင်းများပြုလုပ်ပေးပြီး စာမတတ်သူပပျောက်အောင် ဆောင်ရွက်နေသည်။ သို့သော် အခြေခံပြည်သူများသည် စာတတ်မြောက်ကြ၊ ကျောင်းနေခဲ့ကြသော်လည်း အများစုမှာ မူလတန်းအဆင့်တွင်ပင် ပညာသင်ယူမှုအဆုံးသတ်ခဲ့ပြီး ကျောင်းနေသည့်အရွယ် ကျော်လွန်သွားကြသည်ကို တွေ့ရသည်။

### အကြောင်းအမျိုးမျိုး

အစီရင်ခံစာတွင် ကျောင်းသားအများစုသည် မူလတန်းပြီးဆုံးချိန်တွင် ကျောင်းထွက်သွားကြကြောင်းနှင့် အသက် (၁၂)နှစ်မှစပြီး ကျောင်းတက်နှုန်းစတင်ကျဆင်းလာကာ အသက်(၁၄)နှစ်နောက်ပိုင်း အလယ်တန်းပြီးမြောက်ချိန်တွင် သိသိသာသာ ကျဆင်းလာသည်ကို ဖော်ပြထားသည်။ ကျောင်းဆက်မတက်သူ ၁၀ ဦးကို မေးမြန်းလေ့လာရာတွင် သုံးဦးသည် မိသားစုကို ကူညီနေရ၍ဟုဖြေဆိုပြီး နှစ်ဦးမှာ ကျောင်းဆက်တက်ရန် ငွေကြေးမတတ်နိုင်သောကြောင့်ဟု ဖြေဆိုထားသည်။ အသက် သုံးနှစ်မှ အသက် (၅၀) အတွင်းရှိသူတို့ ကျောင်းဆက်မတက်ရခြင်း အဓိကအကြောင်းရင်းမှာ မကျန်းမာခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ မသန်စွမ်းခြင်းကြောင့် ၁ ဒသမ ၉ ရာခိုင်နှုန်း၊ ကျောင်းထားရန် ငွေမတတ်နိုင်ခြင်းကြောင့် ၂၁ ဒသမ ၅ ရာခိုင်နှုန်း၊ အိမ်အလုပ်ကူရခြင်းကြောင့် ၂၉ ဒသမ ၂ ရာခိုင်နှုန်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ကူညီလုပ်ကိုင်ရခြင်းကြောင့် ၇ ဒသမ ၂ ရာခိုင်နှုန်း၊ စာမေးပွဲကျခြင်း၊ စာမလိုက်နိုင်ခြင်းနှင့် ပညာကိုစိတ်မဝင်စားခြင်းကြောင့် ၁၂ ဒသမ ၂ ရာခိုင်နှုန်းနှင့် ကျောင်းဝေးလွန်းသည်ဟု အကြောင်းပြမှုကြောင့် ၄ ဒသမ ၅ ရာခိုင်နှုန်း ပါဝင်နေသည်ကို တွေ့ရသည်။

### အပတ်တကုတ်ဆည်းပူး

လူဖြစ်လာသည်နှင့် ပညာကို ငယ်စဉ်အခါမှစ၍ သင်ကြားကြရသည်။ ကလေးသူငယ်အရွယ်အလိုက် တန်းစဉ်အဆင့်ဆင့် ကူးပြောင်းအောင်မြင်အောင် သင်ကြားကြရသည်။ အသက်ငါးနှစ်မှ (၁၀)နှစ်အတွင်း မူလတန်း၊ (၁၀) နှစ်မှ (၁၄) နှစ်အတွင်း အလယ်တန်း၊ (၁၄) နှစ်မှ (၁၆) နှစ်အတွင်း အထက်တန်းတို့ကို အောင်မြင်ပြီးမြောက်အောင် သင်ကြားကြရသည်။ အတန်းတစ်တန်းကျလျှင်လည်းကောင်း၊ ပျက်ကွက်လျှင်လည်းကောင်း အခွင့်အရေး တစ်နှစ်ဆုံးရှုံး နောက်ကျသွားကြောင်း ကျောင်းသားကျောင်းသူမိဘများ သိရှိထားကြပြီးဖြစ်သည်။ ထို့ကြောင့် တန်းစဉ်အလိုက် တစ်နှစ်တစ်တန်း ကူးပြောင်းအောင်မြင်အောင် ကျောင်းသားများက ကြိုးစားအားထုတ်ကြရသည်။ ပညာကို ဆုံးခန်းတိုင်အောင် သင်ယူပြီးသည်အထိ ဆရာနှင့် နေ့စဉ်ထိတွေ့၍ ပညာကို အပတ်တကုတ် ရှာဖွေဆည်းပူးနေကြရသည်။

ပညာရေးဝန်ကြီးဌာန၏ မှတ်တမ်းများအရ ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ကျောင်းနေသူ ၁၉ ဒသမ ၄၄ သန်းရှိသည့်အနက် ပဉ္စမတန်းတက်ရောက်သူ ၁၁ ဒသမ ၃၇ သန်းရှိပြီး အလယ်တန်းအဆင့် (၈)တန်းသို့ တက်ရောက်သူ ၇ ဒသမ ၇၈ သန်းသာရှိသည်ဟု သိရသည်။ အလားတူ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ အသက်ငါးနှစ်အထက်လူဦးရေ ၄၆ ဒသမ ၄၆ သန်းတွင် အသက်မွေးဝမ်းကျောင်းပညာသင်ကြားပြီးသူ ၂ ဒသမ ၉ သိန်းနှင့် ဘွဲ့ရသူ သုံးသန်းရှိသည်ကို တွေ့ရသည်။ အသက် ငါးနှစ်အထက် လူဦးရေ ၄၆ သန်းခွဲခန့်တွင် အသိပညာ၊ အတတ်ပညာတတ်မြောက်သူ သုံးသန်းကျော်သာရှိသဖြင့် မြန်မာနိုင်ငံတွင် အသိပညာ၊ အတတ်ပညာတတ်မြောက်သူ အလွန်နည်းပါးနေသည်ဟု ဆိုရမည်။ ပညာကို ပြီးဆုံးအောင်မသင်ယူကြတော့ဘဲ တန်းစဉ်ကူးပြောင်းမှု တစ်စတစ်စ လျော့နည်းလာသည်မှာ အဓိကအကြောင်းဖြစ်သည်။

### ၁ ရာခိုင်နှုန်းကျော်သာရှိ

နိုင်ငံတွင် အသက်(၁၅)နှစ်အထက် လူဦးရေတစ်နည်းအားဖြင့် အလုပ်လုပ်နိုင်သူ ၂၂ ဒသမ ၉ သန်းရှိသည့်အနက် ထက်ဝက်ခန့်အရေအတွက်သာ အလယ်တန်းအဆင့် ပညာတတ်မြောက်မှုသာရှိသည်ကို တွေ့ရသည်။ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး ယင်းတို့အနက် အသက်(၁၅)နှစ်အထက် ၄၅ ရာခိုင်နှုန်းသော လူဦးရေသည် စိုက်ပျိုးမွေးမြူရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြပြီး ၉ ဒသမ ၅ ရာခိုင်နှုန်းသည် ကုန်ထုတ်လုပ်မှုလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်နေသည်ကို တွေ့ရသည်။ အလယ်တန်းနှင့် အထက်တန်း ပြီးမြောက်သူများ တက်ရောက်ကြသည့် နည်းပညာ၊ သက်မွေးပညာသင်တန်းကျောင်းနှင့် ဒီပလိုမာတန်းပြီးမြောက်သူများသည် တစ်နိုင်ငံလုံးတွင် သုံးသိန်းခန့်သာရှိသည်။ သုံးသိန်းဆိုသော အရေအတွက်သည် အသက်(၁၅)နှစ်အထက် လူဦးရေ၏ ၁ ရာခိုင်နှုန်းကျော်သာရှိသည်။

လေ့လာတွေ့ရှိချက်များအရ သာမန်လုပ်ကိုင်စားသောက်နိုင်သည့် အခြေအနေဖြစ်အောင် အနည်းဆုံးအနေဖြင့် အလယ်တန်းအဆင့်ပညာရေး ပြီးမြောက်အောင် သင်ကြားသင့်သည်။ မိဘများနှင့် တာဝန်ရှိသူများ၊ လုပ်ကိုင်နိုင်စွမ်းရှိသူ နိုင်ငံသားအားလုံးက တိုင်းပြည်နှင့်မျိုးဆက်များ၏ အနာဂတ်ကိုမြော်တွေး၍ ခိုင်မာသည့်လမ်းခင်းပေးရန်လိုအပ်သည်။ စုစည်းညီညွတ်မှုဖြင့် ဆောင်ရွက်ခဲ့ကြသဖြင့် အောင်မြင်မှုရသည့် သာဓကများစွာရှိသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိရေး၊ အနည်းဆုံး အလယ်တန်းအဆင့် (KG+9)ပြီးမြောက်သည်အထိ ပညာသင်ယူနိုင်ရေးနှင့် အနာဂတ်ပညာရေး ပိုမိုကောင်းမွန်လာစေရေးကိုအမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြပါက တိုင်းပြည်အနာဂတ်အတွက် စိတ်အေးဖွယ်ရာ ဖြစ်သည်။

### ကျောင်းနေရေးထောက်ကူ

သုတေသနပြုချက်များအရ ကလေးသူငယ်များအား ကျောင်းထားရန် တွန့်ဆုတ်နေကြသည့် မိဘများကို ပညာတန်ဖိုးကို နားလည်သဘောပေါက်လာအောင် စည်းရုံးပြီး နိုင်ငံတော်နှင့် လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်းက ကူညီပံ့ပိုးပေးရန် အသင့်ရှိနေသည်ကို ယုံကြည်လာအောင် စွမ်းဆောင်ပေးနိုင်ကြပါက မိမိတို့၏ ရင်သွေးကလေးသူငယ်များ ကျောင်းပရဝုဏ်အသီးသီးသို့ စုံစုံညီညီရောက်ရှိလာမည်မှာ သေချာသည်။ နိုင်ငံတော်အနေဖြင့် အခမဲ့ပညာရေးအစီအစဉ်အရ ပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်များ၊ ခဲတံ၊ ဘောပင်၊ ကျောင်းဝတ်စုံများကို အခမဲ့ထောက်ပံ့ပေးနေသလို အတန်းကူးပြောင်းသွားကြသည့် ကျောင်းသားများထံမှ ကျောင်းဝတ်စုံများနှင့် စာအုပ်များကို လိုအပ်သည့် ကျောင်းသားများထံ လွှဲပြောင်းပေးအပ်ခြင်းနှင့် အမှန်တကယ် ကျောင်းနေရန်

စာမျက်နှာ ၁၁ သို့ ◆

## ပညာရေးဝန်ကြီးဌာန
## ၂၀၂၄-၂၀၂၅ ပညာသင်နှစ်
## "အသိပေးကြေညာချက်"

☆ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG)သို့ အပ်နှံရန်။
☆ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1)သို့ အပ်နှံရန်။

ပညာရေးဝန်ကြီးဌာန

၂၀၂၄-၂၀၂၅ ပညာသင်နှစ်

"ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့"

◆ စာမျက်နှာ ၁၀ မှ

အခက်အခဲရှိသည့် ချို့တဲ့နွမ်းပါးသူများကို ပညာသင်ထောက်ပံ့ကြေး ပံ့ပိုးပေးခြင်းတို့သည် အခက်အခဲရှိသည့်မိဘများ၏ ဝန်ထုပ်ဝန်ပိုးကို အထိုက်အလျောက်လျော့ကျစေနိုင်ပြီး ကလေးများကို ကျောင်းထားရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ကျောင်းသားမိဘများအနေဖြင့်လည်း မိမိသားသမီးများကို အမှန်တကယ် စာတတ်မြောက်စေရန် အရည်အသွေးရှိသည့်ပညာများကို သင်ကြားပေးနိုင်မည်ဟု ယုံကြည်သည့်ကျောင်းများတွင်သာ ကျောင်းထားလိုကြမည်ဖြစ်သည်။ ထို့ကြောင့်လည်း ဆရာ ဆရာမ လုံလောက်ရေး၊ ရရှိထားသည့်ဘွဲ့နှင့် သင်ကြားနေသည့် ဘာသာရပ်ကိုက်ညီရေး၊ ဆရာ ဆရာမများ အရည်အသွေးမြှင့်တင်ရေး၊ ဆရာ ဆရာမများ သက်သာချောင်ချိရေး၊ သင်ရိုးညွှန်းတမ်းများမွမ်းမံရေး၊ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေးတို့ကို ဆောင်ရွက်ပေးကြရေးတို့သည် အလွန်အရေးကြီးသည်။ အလယ်တန်းအဆင့် ပြီးမြောက်သူများကို စက်မှု၊ စိုက်ပျိုးမွေးမြူရေးနှင့် သက်မွေးပညာသင်တန်းများ ပိုမိုတက်ရောက်နိုင်ရန် လမ်းဖွင့်ပေးကြရမည်ဖြစ်သည်။ ကျောင်းတက်သူဦးရေတိုးတက်ရေး၊ အတန်းကူးပြောင်းမှုနှုန်း မြင့်မားရေးကို အဟန့်အတားဖြစ်စေသည့် အကြောင်းရင်းများကို အဖြေရှာပြီး ဖြေရှင်းပေးကြရမည်ဖြစ်သည်။

**ရင်ပေါင်တန်းနိုင်ရန်**

နိုင်ငံတော်အနေဖြင့် ကျောင်းနေအရွယ် ကလေးများအားလုံး အရည်အသွေးကောင်းမွန်ပြီး အဆင့်မီသည့် ပညာသင်ယူနိုင်ခွင့်ရအောင် ဖန်တီးဖော်ဆောင်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ Education for All ဆိုသည့်အတိုင်း အားလုံးအတွက် ပညာရေးကို မဖြစ်မနေ အကောင်အထည်ဖော်လျက်ရှိသည်။ ရည်ရွယ်ချက်မှာ ကလေးသူငယ်လူငယ်လူရွယ်အားလုံး ကျောင်းနေနိုင်ရေးဖြစ်သည်။ ရည်မှန်းချက်သို့ရောက်သည်အထိ စဉ်ဆက်မပြတ် ပညာသင်နိုင်ရေးဖြစ်သည်။ နိုင်ငံအတွင်း ပညာတတ်သူများပေါ်များလာရေးဖြစ်သည်။ ပေါကြွယ်ဝသည့် ပညာတတ်များ၊ လူ့စွမ်းအားအရင်းအမြစ်များဖြင့် နိုင်ငံကိုတည်ဆောက်ကြရန်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်လာရန်၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန်ဖြစ်သည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် မကြာမီ ရက်ပိုင်းအတွင်း ကျောင်းအပ်နှံရေးသီတင်းပတ်သို့ ရောက်ရှိပြီဖြစ်သည်။ ယခုပညာသင်နှစ်အတွက် ပညာရေးနှိုးဆော်ချက်ဆောင်ပုဒ်မှာ "ကျောင်းနေအရွယ် ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" ဖြစ်သည်။ ၂၀၂၄ ခုနှစ် ဇွန်လ ၃ ရက်နေ့တွင် နိုင်ငံအတွင်းရှိ အခြေခံပညာကျောင်းများအားလုံး ဖွင့်လှစ်တော့မည်ဖြစ်သည်။ မေလ ၂၃ ရက်နေ့မှ ဇွန်လ ၂ ရက်နေ့အထိ မြို့နယ်အသီးသီးရှိ မိဘအုပ်ထိန်းသူများက မိမိတို့ ရင်သွေးငယ်များအား ကျောင်းအပ်နှံပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ငါးနှစ်အရွယ် ကလေးငယ်များကို သူငယ်တန်း (KG) သို့ အပ်နှံပေးကြပါရန်၊ ခြောက်နှစ်အရွယ် ကလေးငယ်များကို ပထမတန်း (Grade-1)သို့အပ်နှံပေးကြပါရန်အသိပေးအပ်ပါသည်။

အဆင်ပြေသော မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် အတန်းတစ်တန်းသို့ကူးပြောင်းပညာသင်ယူနိုင်ရေးအတွက် နိုးကြားတက်ကြွနေကြသည်။ အဆင်မပြေသော မိဘအုပ်ထိန်းသူများနှင့် ကျောင်းသားလူငယ်များ အနေဖြင့် နိုင်ငံတော်၏ပံ့ပိုးကူညီဆောင်ရွက်ပေးမှုများဖြင့် အနည်းဆုံး KG+9 သို့ ရောက်အောင် သင်ကြားကြရန်နှင့် ကလေးငယ်၏ အနာဂတ်၊ မိသားစု၏ အနာဂတ်၊ နိုင်ငံ၏ အနာဂတ်ကို မြော်တွေး၍ ပညာသင်ချိန်အရွယ်တွင် ပညာကို ဖြောင့်ဖြောင့်တန်းတန်း ကြိုးစားသင်ယူကြပါရန် မေတ္တာရပ်ခံ တိုက်တွန်းအပ်ပါသည်။ ။



## ဟသ်ာတမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

ဟင်္သာတ မေ ၂၀

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဟသ်ာတမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးညွန့်ဆန်းထွန်းက အမှာစကားပြောကြားပြီး ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ နေခြည်ထက်ထက်လင်းအောင်က သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုအခြေအနေနှင့် ကာကွယ်နှိမ်နင်းရေးနည်းလမ်းများကို ပရိုဂျက်တာ၊ ပါဝါပွိုင့်ဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်မည့်အခြေအနေများနှင့် ပတ်သက်၍ သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးသည်။

အခမ်းအနားသို့ ဟသ်ာတမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးညွန့်ဆန်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများ စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

## ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် မေ ၂၀

၂၀၂၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ် အားကစားခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ် (လေ) ကိုယ်စား လေတပ်စခန်းဌာနချုပ်မှူး ဗိုလ်ချုပ် ဝင်းမောင်သိန်းနှင့် တပ်မတော်(လေ)မှ အရာရှိ/စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင်အသင်းများ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။



**ကြည့်ရှုအားပေး**

ဦးစွာ ဌာနချုပ်မှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများနှင့်အတူ အဖွင့်ပွဲစဉ်ဖြစ်သည့် လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်အသင်းနှင့် နေပြည်တော် လေတပ်စခန်း အသင်းတို့၏ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကွပ်ကဲမှုအောက်ရှိ လေတပ်စခန်းဌာနချုပ်၊ လေတပ်စခန်းအသီးသီးမှ ပြိုင်ပွဲဝင်အမျိုးသား ၁၅ သင်းနှင့် အမျိုးသမီး ၁၂ သင်းတို့ဖြင့် မေ ၃၁ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မော်လမြိုင်မြို့၌ လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့် ငွေလုံးငွေရင်း ထုတ်ပေး

မော်လမြိုင် မေ ၂၀

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များ ငွေလုံးငွေရင်းထုတ်ပေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက မွန်ပြည်နယ် လူမှုဖူလုံရေးအစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် အလုပ်သမားဝန်ကြီးဌာန ပြည်နယ်လူမှုဖူလုံရေးရုံးမှ ပြည်နယ်တာဝန်ခံအရာရှိ ဦးဝင်းစိုးက အဖွင့်အမှာစကားပြောကြားပြီး လူမှုဖူလုံရေးနှင့် ပတ်သက်သည့် အကျိုးခံစားခွင့်ကို ဆွေးနွေးသည်။

**ပေးအပ်**

ထို့နောက် Grand Royal Co.,Ltd. မှ အာမခံအလုပ်သမား ဦးပြည့်စုံအောင်၏ အလုပ်တွင် ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့်ငွေကျပ် ၁၅၀၀၀၀၀၀ ကို ဇနီးဖြစ်သူ ဒေါ်စုရည်နန္ဒာအားလည်းကောင်း၊ Myanmar CP Live Stock မှအာမခံအလုပ်သမား ဒေါ်စုဇာနည်သိမ့်ထံ မီးဖွားမှုအတွက် အကျိုးခံစားခွင့် ငွေကျပ် ၈၂၅၀၀၀၊ မြို့နယ်စည်ပင်သာယာရေးမှ အာမခံအလုပ်သမား ဒေါ်ကေဇင်ဝင်းထံ မီးဖွားမှုအတွက် အကျိုးခံစားခွင့် ငွေကျပ် ၃၂၅၂၀၀၊ သံလွင်အေးကုမ္ပဏီမှ အာမခံအလုပ်သမား ဒေါ်စုမြတ်ဖြိုးထံ မီးဖွားမှုအတွက် အကျိုးခံစားခွင့် ငွေကျပ် ၄၁၈၀၀၀၊ သံလွင်အေးကုမ္ပဏီမှ အာမခံအလုပ်သမား ဒေါ်စုစု(ခ) စုအေးငြိမ်းထံ မီးဖွားမှုအတွက် အကျိုးခံစားခွင့် ငွေကျပ် ၄၁၅၅၂၀ ကို တာဝန်ရှိသူများက ကာယကံရှင်လက်ဝယ်အရောက် ပေးအပ်ခဲ့ပြီး Grand Royal Co.,Ltd. မန်နေဂျာက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်းသိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**





# ပုဇွန်တောင်မြို့နယ်၌ ဓမ္မသဘင်ပူဇော်ပွဲ ကျင်းပ

ရန်ကုန် မေ ၂၀

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)နှင့် ရန်ကုန်တိုင်းဒေသကြီးတို့ဦးစီး၍ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ပုဇွန်တောင်မြို့နယ်)က ကြီးမှူးကျင်းပသော ဓမ္မသဘင်ပူဇော်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်းတည်ရှိသော ဇောတိကဓမ္မာရုံတော်ကြီး၌ မေ ၁၈ ရက် ညပိုင်းနှင့် မေ ၁၉ ရက် ညပိုင်းက ကျင်းပခဲ့သည်။

ဓမ္မသဘင်ပူဇော်ပွဲသို့ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးဝဏ္ဏနှင့် ဗဟိုအထွေထွေအတွင်းရေးမှူး ဦးခင်ဝေ၊ ဗဟိုဘဏ္ဍာရေးမှူး ဦးလှကြူ၊ ဗဟိုစာရင်းစစ် ဦးလှကျော်၊ ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ် အလုပ်အမှုဆောင်များ၊ တာဝန်ရှိသူများ တရားနာကြွရောက်ကြသည်။ **သတင်းစဉ်**

# လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၏ ကဆုန်ညောင်ရေသွန်း ပွဲတော် မင်္ဂလာအခမ်းအနား ကျင်းပမည်

ရန်ကုန် မေ ၂၀

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသော လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်ပေါ်ရှိ သီရိလင်္ကာနိုင်ငံမှ ပင့်ဆောင်စိုက်ပျိုးခဲ့သော ဒက္ခိဏသာခါမဟာဗောဓိညောင်ပင်အား (၂၃)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲအခမ်းအနားကို ဘုရားကြီးဂေါပကအဖွဲ့က ကြီးမှူး၍ မေ ၂၂ ရက် ကဆုန်လပြည့် (ဗုဒ္ဓနေ့) နံနက် ၆ နာရီတွင် ကြွရောက်လာသော သံဃာတော်များ၊ ဧည့်ပရိသတ်များနှင့် ဂေါပကအဖွဲ့များက ရုပ်ပွားတော်မြတ်ကြီးအား ထောပတ်ဆွမ်း၊ သစ်သီးဆွမ်း၊ သောက်တော်ရေ ပန်းတို့ကို ဆက်ကပ်လှူဒါန်းပြီး ရုပ်ပွားတော်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း၊ ပရိတ်တရားတော်နာယူခြင်း၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ရေစက်ချအနုမောဒနာတရားချီးမြှင့်ခြင်း၊ အမျှပေးဝေခြင်းနှင့် အဆိုပါ မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်သွားမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။ **ဉာဏ်ဟိန်း**



# ချောင်းဆုံမြို့နယ်၌ မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေများ စတင်ထုတ်ချေးပေး

ချောင်းဆုံ မေ ၂၀

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် ၂၀၂၄ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးခြင်းကို မေ ၂၀ ရက်က မြို့နယ်မြန်မာ့လယ်ဖွံ့ဖြိုးရေးဘဏ်(ခွဲ)တွင် စတင်ထုတ်ချေးပေးလျက်ရှိရာ ကုလားဘီကျေးရွာမှ မိုးစပါးစိုက်တောင်သူ ၄၈ ဦးတို့၏ စိုက်ဧက ၂၇၉ ဧကအတွက် ငွေကျပ် ၄၁၈၅၀၀၀၀ ကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေးရာတွင် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို အစောဆုံးပြန်လည်ပေးဆပ်ခဲ့သည့် ကုလားဘီကျေးရွာကို စတင်ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ မိုးစပါးစိုက်ဧက တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ထုတ်ချေးသွားမည်ဖြစ်ပြီး တောင်သူတစ်ဦးလျှင် အများဆုံး ၁၀ ဧကအထိ ထုတ်ချေးပေးမည်ဖြစ်ကြောင်းနှင့် ချေးငွေများကို လုပ်ငန်းခွင်များတွင် အကျိုးရှိရှိအသုံးပြုကြရန် လိုအပ်ကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ခွဲ) မန်နေဂျာ ဒေါ်သီတာထွန်းက ပြောသည်။

အဆိုပါ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို ၂၀၂၄ ခုနှစ်အတွက် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၄၆ စုမှ မိုးစပါးစိုက်ဧက စုစုပေါင်း ၃၄၄၄၂ ဧကအတွက် ချေးငွေစုစုပေါင်း ငွေကျပ် ၅၁၆၆၃ သိန်းခန့်ကို မေ ၂၀ ရက်မှ စတင်ကာ စက်တင်ဘာလကုန်အထိ ထုတ်ချေးပေးနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သူဇာ(ချောင်းဆုံ)**

# အင်းစိန်မြို့နယ်၌ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ထပ်ဆင့်ဂုဏ်ပြုပူဇော်

ရန်ကုန် မေ ၂၀

ဒုတိယအကြိမ် နှစ်သစ်မဟာဂုဏထေရ ဂုဏပူဇာမင်္ဂလာနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ထပ်ဆင့်ဂုဏ်ပြုပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ယမန်နေ့ ညနေ ၅ နာရီက အင်းစိန်မြို့နယ်လုံးဆိုင်ရာ ဝဇီရသာသနဝ္ဇိမာန်တော်၌ ကျင်းပသည်။

**ဆက်ကပ်လှူဒါန်း**

အခမ်းအနားတွင် နိုင်ငံတော်သြဝါဒစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ သြဝါဒါစရိယ လောကချမ်းသာ အဘယ လာဘမုနိ ကျောက်တော်ကြီးဘုရား ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ သြဝါဒါစရိယ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တတိလောကာဘိဝံသ ဆရာတော်ကြီးထံမှ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး အပူဇော်ခံ ဆရာတော် အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့သည်။



ယင်းနောက် အင်းစိန်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန့်ဇင်က သာသနာရေးဆိုင်ရာ လျှောက်ထားပြီး အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တတိလောကာဘိဝံသ ဆရာတော်ကြီးက သမ္ဗောဒနီယ သြဝါဒစကား မြွက်ကြား၍ အင်းစိန်မြို့နယ် အောင်ဆန်းတောရ တပ်ဦးကျောင်း အောင်ဆန်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တသဒ္ဓမ္မ ကိတ္တိသာရထေရ် ရှင်မြတ်က ရေစက်သွန်းလောင်း အမျှပေးဝေခဲ့သည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ညောင်လေးပင်မြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

ညောင်လေးပင် မေ ၂၀

ပဲခူး တိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ခွဲမှ ၂၀၂၄ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ယနေ့နံနက်ပိုင်းက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲတွင် စတင်ထုတ်ချေးပေးနေကြောင်း သိရသည်။




ဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေယံပိုင်က သီးနှံအာမခံကိစ္စနှင့် ချေးငွေစည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဒေါ်ရီရီချိုက ပေးဆပ်ရန် ကျန်ရှိသော တောင်သူများအနေဖြင့် အမြန်ဆုံးပေးဆပ်ရန်နှင့် ပေးဆပ်ပြီး တောင်သူများအား ဆက်လက်ထုတ်ချေးပေးမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေယံပိုင်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဒေါ်ရီရီချိုတို့က ပွဲနတန်ဆာမြို့ မြို့မ(၂) အုပ်စုရှိ တောင်သူ ၆၃ ဦးအား ၄၆၃ ဧကအတွက် ငွေကျပ် ၆၉၄ ဒသမ ၅ သိန်းကို တောင်သူများ လက်ဝယ်အရောက် ထုတ်ချေးပေးသည်။

ညောင်လေးပင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ အနေဖြင့် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများကို ဧက ၉၅၀၀၀ အတွက် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **နီနီဝင်း(ပြန်/ဆက်)**

# သထုံမြို့၌ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေးပေး

သထုံ မေ ၂၀

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ မိုးစပါးစိုက်တောင်သူများအတွက် ၂၀၂၄ ခုနှစ် စိုက်ပျိုးစရိတ်ချေးငွေကို ယနေ့နံနက်ပိုင်းက သထုံခရိုင်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ စတင်ထုတ်ချေးပေးသည်။

ချေးငွေထုတ်ပေးရာတွင် ခရိုင်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ တာဝန်ခံ မန်နေဂျာ ဦးရဲထွန်း၊ လက်ထောက်မန်နေဂျာ ဦးဇော်လေးတို့က ယခုနှစ် မိုးစပါးချေးငွေ ထုတ်ချေးပေးသွားမည့် အစီအစဉ်များ၊ ချေးငွေများ ပြန်လည်ပေးသွင်းရမည့်ကာလနှင့် အပြေအကျေပြန်လည်ပေးဆပ်ကြရေး ဆွေးနွေးပြောကြားသည်။



အဆိုပါနေ့တွင် သထုံမြို့နယ်အတွင်း ယခင်နှစ်များက မိုးစပါးနှင့် ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများကို အစောဆုံး အကျေပြန်လည်ပေးဆပ်ခဲ့သည့် ခနုကတိုက်ကျေးရွာမှ တောင်သူ ၄၁ ဦးတို့၏ စိုက်ဧက ၃၆၀ အတွက် ချေးငွေကျပ် ၅၄၀၀၀၀၀၀ ကို မိုးစပါးစိုက်ပျိုးစရိတ်အဖြစ် ထုတ်ချေးပေးသည်။

သထုံမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေကို ယခင်နှစ်များက ချေးငွေများ အပြေအကျေ ပြန်လည်ဆပ်ပြီးသည့် ကျေးရွာအုပ်စုပေါင်း ၄၂ အုပ်စုမှ တောင်သူ ၃၁၅၂ ဦးတို့၏ မိုးစပါးစိုက်ဧက ၂၈၀၀၀ အတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ်သိန်းပေါင်း ၄၂၀၀၀ ခန့်ကို မေ ၂၀ ရက်မှ စတင်ကာ စက်တင်ဘာလကုန်အထိ ထုတ်ချေးပေးသွားရန် လျာထားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မေ ၂၀

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာ မေ ၁၇ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာငါးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် အိန္ဒိယနိုင်ငံထုတ် လျှပ်စစ်ပစ္စည်း PVC Coated Copper Wire ၅၃၇၆၂ ဒသမ ဝ၈ ကီလိုဂရမ်နှင့် သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် HUA DU Plane Cutting Machine လုပ်ငန်းသုံးဖြတ်စက် (အကြီး)လေးလုံး (ခန့်မှန်းတန်ဖိုးငွေ ၃၁ဝ၃၄ဝ၉၅၇ ကျပ်) ကိုလည်းကောင်း၊ မေ ၁၈ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Crazy စက်ဘီးအစီး ၁၄ဝ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈ဝဝဝဝဝ) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄ဝဝဝဝဝဝဝ) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၃၆၇၁၄ဝ၉၅၇ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့ပြင် မေ ၁၈ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင်နှင့် ဟင်္သာတခရိုင်တို့အတွင်း၌ အခြားသစ် ၈ ဒသမ ၄၇၅ တန် (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၃၈၂၃ဝ၄၁ ကျပ်)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၁၉ ရက်တွင်မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ၁၆ မိုင်ကျောက်ချောစစ်ဆေးရေးစခန်း၌ ကျောက်မဲမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Safety Helmet ဦးထုပ် အလုံး ၉၅ဝ အပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ဝ၄၆ဝ၁ဝဝ) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Jin Bei Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇ဝဝဝဝဝဝ)ကိုလည်းကောင်း၊ ရွှေကျင်စစ်ဆေးရေးစခန်း၌ မြစ်ကြီးနားမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် တစ်ခါသုံးပလတ်စတစ်ဘူး ၅၅၅ ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်းကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၇၉၂ဝဝ)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅ဝဝဝဝဝဝ)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅ဝ၃၉၃ဝဝ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၁၇ ရက်၊ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁ဝ မှု (ခန့်မှန်းတန်ဖိုးငွေ ၄၈၆ဝဝ၃၂၉၈ ကျပ်)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် မေ ၂၀

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"မိဘများ၏အတ္တစွဲကြောင့် စာသင်ကျောင်းနှင့် ပိုမိုဝေးကွာခဲ့ရသော မြန်မာပြည်မှ အနာဂတ်လူငယ်များ"** ခေါင်းစဉ်ဖြင့် မေ ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်ပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"စုပေါင်းကာကွယ် သဘာဝဘေးအန္တရာယ်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁ဝ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ဝ၉-၈၉၉ဝ၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် မေ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် နေရာအနှံ့အပြား၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈ဝ ဖြစ်သည်။

**မိုး/ဇလ**



## သထုံမြို့နယ်၌ လေပြင်းနှင့် မိုးကြိုးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လိုက်လံအသိပေးနှိုးဆော်

သထုံ မေ ၂၀

မွန်ပြည်နယ် သထုံမြို့နယ်တွင် ပြည်သူများအနေဖြင့် မိုးကြိုကာလအတွင်း ဖြစ်ပွားလေ့ရှိသည့် လေပြင်းဘေးနှင့် မိုးကြိုးဘေးအန္တရာယ်တို့ကြောင့် ထိခိုက်ဆုံးရှုံးမှုမရှိစေရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန သထုံခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ယနေ့နံနက်ပိုင်းက ကြိုတင်ကာကွယ်နိုင်ရေး လိုက်လံသတိပေးနှိုးဆော်ကြသည်။

လိုက်လံသတိပေးနှိုးဆော်ရာတွင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန သထုံခရိုင်ဦးစီးမှူး ဒေါ်ဖြူဖြူအေးနှင့် ဝန်ထမ်းများက မိုးကြိုကာလ၌ဖြစ်ပွားလေ့ရှိသည့် လေပြင်းဘေးနှင့် မိုးကြိုးဘေးအန္တရာယ်တို့နှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ သတိပြုနေထိုင်ရမည့်နည်းလမ်းများ စသည့်ဆောင်ရန်/ရှောင်ရန်အချက်များကို သထုံမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများ၌ အသံချဲ့စက်ဖြင့် လှည့်လည်အသိပေးနှိုးဆော်ကာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၁-၅-၂၀၂၄ အင်္ဂါနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တာသုတ်၊ ရတနသုတ်၊ တောဇျဂ်သုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ကဆုန်လပြည့်နေ့ ဗုဒ္ဓနေ့ ပါဝင်နွဲပျော် ညောင်ရေသွန်းပွဲတော်
- ၀၉:၁၅ ထူးခြားစုံလင် အာရှပစိဖိတ်အစီအစဉ်
- ၀၉:၄၀ Sports Diary
- ၁၀:၃၅ မြရောင်ခြယ်ပြည်ပဖို့ကုန်အမယ်
- ၁၁:၁၀ သတိပြုကာကွယ် သွေးလွန်တုပ်ကွေးအန္တရာယ်
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတောလာ' (အပိုင်း-၆၁)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပျော်လင့်ခြင်းအိပ်မက်' (အပိုင်း-၁၅)
- ၁၅:၃၀ Weekly MNL Review
- ၁၆:၃၅ ကမ္ဘာ့တစ်လွှားအနုပညာသတင်းများ
- ၁၇:၁၀ လူမှုပတ်ဝန်းကျင်အတွက် ကောင်းကျိုးပြုရာ 'နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ'
- ၁၇:၃၀ သံဝေဇနီယလေးဌာန
- ၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပျော်လင့်ခြင်းအိပ်မက်' (အပိုင်း-၁၇)
- ၂၀:၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'တောက်ပသောနေ့ရက်များဆီသို့' (အပိုင်း-၃)
- ၂၂:၁၀ မြန်မာဇာတ်လမ်းတွဲ 'လျှို့ဝှက်လရောင်' (အပိုင်း-၃)

### mitv

- 07:01 Evergreen Classic: Thatta Htar Na (Sein Lei Lei)
- 07:11 Myanmar Traditional Cart Business
- 07:34 Don Min Artist
- 07:54 International Tea Day (21th May)
- 08:01 News
- 08:26 Changing Trend of Myanmar Media Industry
- 08:35 The Four Famous of Bagan
- 08:54 A Trip to Gyobyu Reservoir
- 09:01 Introductory Programme of Literary Award Winners: U Zaw Htay (Culture)
- 09:18 Tea Export
- 09:29 Listening Pleasure, Instrumental Music (Don Min) Metta Prayer (Myitta Wai Than Hsan)
- 10:26 Let's Taste Delicious Insects: Pounded Cicada, Grasshopper Curry

### MRTV NRC

**ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)**
ရှေးဟောင်းမောက်စံဘုန်းတော်ကြီးကျောင်း

**ဝ (၀၈:၀၀ မှ ၁၀:၀၀)**
ဟိုပန်မြို့အလှ

**ကချင် (၁၀:၀၀ မှ ၁၂:၀၀)**
ကချင်ရိုးရာတူရိယာများအကြောင်းသိကောင်းစရာ

**ကယား (၁၂:၀၀ မှ ၁၄:၀၀)**
ကိုယ်ဝန်ဆောင်မိခင်များအတွက် ကျန်းမာရေးဆိုင်ရာဗဟုသုတ

**ပအိုဝ်းကရင် (၁၄:၀၀ မှ ၁၅:၀၀)**
နှလုံးရောဂါအကြောင်းသိကောင်းစရာ

**အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)**
ဧရာဝတီရဲ့အရှိုင်းဆန်တဲ့အလှငေါ်ရန်ဂျီ(အပိုင်း-၁)

**အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)**
စွဲမက်စရာဇင်ပြူးသီးတာလပေါ်ဟင်းလျာ

**ချင်း (လိုင်းဇိုး) (၁၇:၀၀ မှ ၁၈:၀၀)**
အုံ့ပွယ်အစွမ်းထက်ချဉ်ပေါင်

**ချင်း (ချိုး) (၁၈:၀၀ မှ ၁၉:၀၀)**
ချင်းတောင်တန်းကနွားနောက်များအကြောင်း

**မွန် (၁၉:၀၀ မှ ၂၁:၀၀)**
ရာသီအလိုက်မွန်ရိုးရာပွဲတော်များ

**ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၁၂)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၁၅ See Our Planet Program
- ၁၀:၄၅ အသိပညာနှင့်အမှန်တရား
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၈:၄၅ ချောင်းသာကမ်းခြေသို့အလည်တစ်ခေါက်
- ၁၉:၁၅ Festivals Around the World
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလဲ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'အစ္စရေးနိုင်ငံ'
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လောဘနှင့်ဒါသ'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'ဆွစ်ဇာလန်နိုင်ငံ'
- ၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဝရိကနိုင်ငံ) (အပိုင်း-၂)
- ၁၁:၀၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၂၉)

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ တောင်သူများနှဲ့ပျော်၂၀၂၄မျိုးစေ့ပြပွဲတော်
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ ဆံပင်အတုနဲ့မေခင်ဂျူပု (ဇာတ်လမ်း)
- ၂၂:၀၀ 2023 HUGE VEGETABLE HARVEST
- ၂၂:၃၀ Garden Tour Week 3
- ၂၃:၀၀ Gardeners; World 2023 Eps 1

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၁၆:၀၀ အားကစားလောကထဲက သူတို့အကြောင်း
- ၁၈:၀၀ အားကစားသတင်း

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

## ဆီဆိုင်မြို့၌ လမ်းမီးများ ပြန်လည်ရရှိ



**ဆီဆိုင် မေ ၂၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်တွင် ဒေသလုံခြုံရေးအခြေအနေ ပြန်လည်ကောင်းမွန်လာပြီဖြစ်၍ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လမ်းမီးများ ပြန်လည်ထွန်းလင်းနေပြီဖြစ်ကြောင်း သိရသည်။

**ဆောင်ရွက်ပြီးစီး**

ထိုသို့ ဆောင်ရွက်ရာတွင် ဆီဆိုင်မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများက ၁၁ ကေဗွီလိုင်း၊ ၄၀၀ ဗို့ဓာတ်အားလိုင်း ကြိုးဆက်ခြင်း လုပ်ငန်းများနှင့် ထရန်စဖော်မာ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်၍ မြို့ပေါ်ရှိလမ်းများတွင် လျှပ်စစ်မီးပြန်လည်ထွန်းလင်းနေပြီဖြစ်သည်။ ယင်းနောက် ဌာနဆိုင်ရာရုံးများနှင့် ရပ်ကွက်ရှိ နေအိမ်များအား လျှပ်စစ်မီးဖြန့်ဖြူးပေးနိုင်ရေးအတွက် လျှပ်စစ်မီးကြိုးသွယ်တန်းခြင်း လုပ်ငန်းများ ဆက်လက် ဆောင်ရွက်ပေးလျက်ရှိပြီး အဆိုပါလုပ်ငန်းများ ပြီးစီးပါက ဒေသခံပြည်သူများ လျှပ်စစ်မီး ပြန်လည်ရရှိနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။



ဆီဆိုင်မြို့နယ်တွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဌာနဆိုင်ရာများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ဝိုင်းဝန်းပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေမင်း(ဆီဆိုင်)**

## နိုင်ငံတော်အစိုးရက ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့

**ရန်ကုန် မေ ၂၀**

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့နေရပါက မည်သို့သောအခြေအနေနှင့်ကြုံတွေ့နေရသည့်တိုင် နိုင်ငံသားများအပေါ် အလေးအနက်တန်ဖိုးထား၍ မြန်မာသံရုံးနှင့် သက်ဆိုင်ရာသံရုံးများချိတ်ဆက်ကာ မြန်မာနိုင်ငံသို့ အေးချမ်းလုံခြုံစွာ အမြန်ဆုံးပြန်လည်ရောက်ရှိရန် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာသံရုံးအနေဖြင့် ရီရတ်ဒ်မြို့ရှိ အာဏာပိုင်များနှင့်ညှိနှိုင်း၍ နိုင်ငံတော်က ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ရာ ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့မှ မေ ၁၈ ရက် ဒေသစံတော်ချိန် ည ၇ နာရီခွဲတွင် Abu Dhabi မြို့သို့ လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာခဲ့ပြီး ထိုမှတစ်ဆင့် ဗန်ကောက်မှ ရန်ကုန်မြို့သို့ မေ ၁၉ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရောက်ရှိခဲ့သည်။

မြန်မာနိုင်ငံသူ မအိသက်ဖြူသည် ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့ရှိ အလုပ်ရှင်နေအိမ်တွင် နှစ်လကျော် အလုပ်လုပ်ကိုင်ခဲ့ရာ အလုပ်ပင်ပန်းခြင်း၊ အစားအသောက်အဆင်မပြေခြင်း၊ လစာမရခြင်းတို့ကြောင့် အိမ်ရှင်နှင့်အဆင်မပြေဖြစ်၍ ဆက်လက်လုပ်ကိုင်လိုခြင်းမရှိခြင်းကြောင့် ထွက်ပြေးခဲ့ရာမှ ထိန်းသိမ်းရေးစခန်းသို့ရောက်ရှိခဲ့ရာ မြန်မာသံရုံးမှ သွားရောက်တွေ့ဆုံ၍ နှစ်သိမ့်အားပေးစကားပြောကြားပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကာ အမိနိုင်ငံသို့ အမြန်ဆုံး အဆင်ပြေချောမွေ့စွာ ပြန်ပို့နိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ မေ ၁၈ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

**ပြန်လည်တွေ့ဆုံခဲ့**

ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့တွင် အခက်အခဲများစွာ ကြုံတွေ့ခဲ့ရသည့် မအိသက်ဖြူသည် ရန်ကုန်မြို့သို့ မေ ၁၉ ရက် နံနက်ပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့ပြီး မိဘဆွေမျိုးများနှင့် ပြန်လည်တွေ့ဆုံခဲ့သည်။ နိုင်ငံတော်အစိုးရ တာဝန်ယူစဉ်ကာလတွင် ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံးမှ ကူညီညှိနှိုင်းဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးလျက်ရှိပြီး ယခုကဲ့သို့ အမိနိုင်ငံသူတစ်ဦး အတိဒုက္ခကြုံတွေ့နေစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့်မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရနှင့် မြန်မာသံရုံးတို့အား လှိုက်လှိုက်လှဲလှဲ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

## ရေစကြိုမြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာမှ ဒေသခံ ၁၀၀ ကျော်ကို နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များက ဖမ်းဆီးထိန်းသိမ်းထားကြောင်း မဟုတ်မမှန်သတင်းအမှားများဖြင့် ဝါဒဖြန့်ရေးသားလျက်ရှိ

**နေပြည်တော် မေ ၂၀**

နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များက ရေစကြိုမြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာမှ ဒေသခံ ၁၀၀ ကျော်ကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန် သတင်းအမှားများဖြင့် ဝါဒဖြန့်ရေးသားလျက်ရှိသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ နယ်မြေလုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ မေ ၁၇ ရက်တွင် ရေစကြိုမြို့နယ်အတွင်းရှိ ဇီးတော၊ ကျောက်ထပ်၊ သဲတောစသည့် ကျေးရွာဝန်းကျင်သို့ PDF အမည်ခံ အကြမ်းဖက်သမားအချို့ ရောက်ရှိခိုအောင်းနေကြောင်း တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် တာဝန်သိဒေသခံပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်းများ၊ လက်လုပ်သေနတ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် ကျေးရွာရှိ လူနေအိမ်အချို့ မီးလောင်ကျွမ်းခဲ့ရကြောင်း သိရပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်းနှင့် လက်လုပ်သေနတ်အချို့နှင့် လက်နက်ခဲယမ်းဆက်စပ်ပစ္စည်းအချို့ သိမ်းဆည်းရရှိခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ လုံခြုံရေးတပ်ဖွဲ့များနှင့် တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်နေမှုများအပေါ် အထင်အမြင်လွဲမှားစေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များဂုဏ်သိက္ခာကျဆင်းစေရန် တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းအမှားများ လုပ်ကြံရေးသား၍ လူမှုကွန်ရက်ပေါ်တွင် ဝါဒဖြန့်ဖော်ပြနေခြင်းများသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ **ကျောဖုံးမှ**

အနိုင်ရခဲ့သဖြင့် အုပ်စုနှစ်ပွဲစလုံး အနိုင်ရပြီး အုပ်စုပထမဖြင့် ကွာတားဖိုင်နယ် တက်ရောက်ခဲ့ခြင်းဖြစ်သည်။ ကွာတားဖိုင်နယ်နှင့် ဆီမီးဖိုင်နယ်ပွဲစဉ်များကို မေ ၂၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာပိုက်ကျော်ခြင်းအသင်းသည် ကွာတားဖိုင်နယ်ပွဲများအဖြစ် နှစ်ယောက်တွဲပြိုင်ပွဲတွင် အိန္ဒိယအသင်း၊ သုံးယောက်တွဲပြိုင်ပွဲတွင် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

## ပြည်ခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေးပေး



**ပြည် မေ ၂၀**

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ပြည်ခရိုင်ဘဏ်ခွဲ၌ ယနေ့ နံနက်ပိုင်းက ဒေသတွင်းရှိမိုးသီးနှံ စိုက်တောင်သူများထံသို့ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေးပေးအပ်ပွဲ အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်) အထွေထွေမန်နေဂျာ ဦးအောင်ဇော်မိုးက တောင်သူများအား စိုက်ပျိုးစရိတ် ချေးငွေနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်) အထွေထွေမန်နေဂျာ ဦးအောင်ဇော်မိုး၊ မန်နေဂျာ ဦးမျိုးထွန်းမြင့်နှင့် ခရိုင်/မြို့နယ်တာဝန်ရှိသူများက မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများကို ပြည်မြို့နယ် မုဋ္ဌောကျေးရွာအုပ်စုမှ မိုးသီးနှံစိုက်တောင်သူများထံ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြသည်။

**စတင်ထုတ်ချေးပေး**

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ပြည်ခရိုင်ဘဏ်ခွဲမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် တစ်ဧကလျှင် ငွေကျပ် တစ်သိန်းခွဲနှုန်းဖြင့် လျာထားဧက ၄၆၀၀၀ အတွက် စုစုပေါင်း မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေကျပ် သိန်းပေါင်း ၆၉၀၀၀ ခန့် ထုတ်ချေးပေးရန် လျာထားဆောင်ရွက် ထားရှိကြောင်းနှင့် ချေးငွေများကို မေ ၂၀ ရက်မှစတင် ထုတ်ချေးပေးခြင်းဖြစ်ကာ အဆိုပါ ချေးငွေများ ထုတ်ချေးပေးရာတွင် ယမန်နှစ်က စိုက်ပျိုးစရိတ်ချေးငွေများကို နိုင်ငံတော်သို့ အပြေအကျေ ပြန်လည်ပေးဆပ်ပြီးသူများအား ပထမဦးစားပေးထုတ်ချေးပေးလျက်ရှိကြောင်းနှင့် ယနေ့တွင် ပြည်မြို့နယ် မုဋ္ဌောကျေးရွာအုပ်စုမှ တောင်သူ ၄၃ ဦးအား ချေးငွေများ စတင်ထုတ်ချေးပေးခြင်းဖြစ်ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**



## ပန်းတောင်းမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်

ပန်းတောင်း မေ ၂၀

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက ပန်းတောင်းမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)မှ အထွေထွေမန်နေဂျာ ဦးအောင်ဇော်မိုးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရက ကျေးရွာအုပ်စုများအား ချေးငွေအချိန်မီ ထုတ်ချေးနိုင်ရန်အတွက် ကြွေးကျန်များကို အချိန်မီပေးဆပ်ကြရန်နှင့် ချေးငွေများကို လယ်ယာလုပ်ငန်းတွင် အကျိုးရှိစွာအသုံးပြုရန် အလေးထားမှာကြားသည်။

ဆက်လက်၍ ပြည်ခရိုင် မြန်မာ့အာမခံလုပ်ငန်းမှ ခရိုင်မန်နေဂျာ ဦးကျော်သူရက တောင်သူများ သတ်မှတ်မိုးရေချိန်စံညွှန်းထက် ကျော်လွန်သောမိုးရွာသွန်းခြင်းနှင့် ရေကြီးနစ်မြုပ်ပျက်စီးခြင်းမှ ဆုံးရှုံးမှုတန်ဖိုးလျော့နည်းစေရန် ရာသီဥတုအညွှန်း သီးနှံအာမခံလုပ်ငန်းနှင့်ပတ်သက်၍ အဆင့်ဆင့်ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ၂၀၂၄-၂၀၂၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)မှ အထွေထွေမန်နေဂျာ ဦးအောင်ဇော်မိုးက ဖောင်းကန်ရပ်ကွက်မှ တောင်သူ ၁၆ ဦး၏ ၅၃ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀နှုန်းဖြင့် စိုက်ပျိုးစရိတ်ချေးငွေကျပ် ၇၉၅၀၀၀၀ ကို ထုတ်ချေးခဲ့ကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)

## ကျိုက်မရောမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ခွဲ)၌ စိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေး

ကျိုက်မရော မေ ၂၀

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ ၂၀၂၄ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေများကို ယနေ့နံနက် ၉ နာရီမှ စတင်ကာ ထုတ်ချေးပေးလျက်ရှိသည်။

ထိုသို့ ချေးငွေထုတ်ချေးရာတွင် ယခင်စိုက်ပျိုးစရိတ် ချေးငွေကြွေးကျန် မရှိသူများအား အတိုးနှုန်း ၅ ရာခိုင်နှုန်းဖြင့် ဦးစားပေး ထုတ်ပေးခြင်းဖြစ်ပြီး မိုးစပါးတစ်ဧကလျှင် ငွေကျပ်



၁၅၀၀၀၀ နှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲသည် ၂၀၂၄ ခုနှစ် မိုးရာသီ၌ လျာထားဧက ၉၀၀၀ အတွက် တောင်သူ ၁၃၈၆ ဦးအား ချေးငွေကျပ် ၁၃၅၀၀ သိန်း ထုတ်ချေးပေးရန်လျာထားပြီး ယနေ့တွင် ပထမဆုံးထုတ်ချေးသည့် ခနောင်ကျေးရွာမှ တောင်သူ ၁၄ ဦး၊ မိုးစပါးစိုက်ဧက ၄၈ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ချေးငွေ ၇၂ သိန်းအား တောင်သူများ လက်ဝယ်အရောက် စနစ်တကျ ထုတ်ပေးခဲ့ကြောင်း သိရသည်။

မိချို(ပြန်/ဆက်)



## ကန်ကြီးထောင့်မြို့နယ်၌ ပိုက်ဆံလျှော်မျိုးစေ့ ပေးအပ်ခြင်းနှင့် ကြဲပက်ပွဲ ကျင်းပ

ကန်ကြီးထောင့် မေ ၂၀

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်တွင် ပိုက်ဆံလျှော်(သစ်စိမ်းမြေဩဇာ)မျိုးစေ့ပေးအပ်ခြင်းနှင့် ကြဲပက်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက သဘော့ငူကျေးရွာအုပ်စု ငှက်ကြီးသိုက်ကျေးရွာ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းစိုး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်အောင်၊ အဖွဲ့ဝင်(၁)ဗိုလ်မှူးရဲနိုင်လွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းနိုင်စိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများ တက်ရောက်ကြကာ တာဝန်ရှိသူများက ပိုက်ဆံလျှော်မျိုးစေ့များအားပေးအပ်ခဲ့ပြီး သဘော့ငူကျေးရွာအုပ်စု ငှက်ကြီးသိုက်ကျေးရွာရှိ တောင်သူ ဦးသက်ပိုင်စိုး၏ လယ်သုံးဧကတွင် ပိုက်ဆံလျှော်မျိုးစေ့များ ကြဲပက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်

မော်လမြိုင် မေ ၂၀

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မော်လမြိုင်ခရိုင်ဘဏ်ခွဲမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မိုးစပါး စိုက်ပျိုးစရိတ်ချေးငွေများကို ယနေ့နံနက်ပိုင်းမှ စတင်ထုတ်ချေးပေးခဲ့သည်။

### ရှင်းလင်းပြောကြား

ဦးစွာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ပြည်နယ်မန်နေဂျာ ဒေါ်စောစန္ဒာဝင်းက တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မော်လမြိုင်မြို့နယ် ကြာအင်းကျေးရွာနှင့် မင်းရွာကျေးရွာမှ စိုက်ပျိုးစရိတ်ချေးငွေကြွေးပြေကျေ တောင်သူ ၂၀ အား တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ၁၀၅ ဧကအတွက် ငွေကျပ် ၁၅၇ ဒသမ ၅၀ သိန်းကို ထုတ်ချေးပေးခဲ့သည်။

ခရိုင်(ပြန်/ဆက်)



ပူနွေးကမ္ဘာ တားဆီးရာ
ဖြေရှာတစ်ခု တောပြုစု

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၅-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၂၅ | ၂၇၀၀ | ၂၆၈၀ | ၂၆၃၀ | ၂၇၀၀ | ၂၇၁၅ | ၂၇၂၅ | ၂၆၈၀ | ၂၈၁၅ | ၂၈၄၅ | ၂၆၉၀ | ၂၇၀၅ | ၂၇၄၀ | ၂၇၂၅ | ၂၇၄၀ | ၃၁၄၅ | ၃၆၀၀ |
| 95 Ron | ၂၇၅၀ | ၂၈၂၅ | ၂၈၀၅ | ၂၇၅၅ | ၂၈၂၅ | ၂၈၄၀ | ၂၈၅၀ | ၂၈၀၅ | ၂၉၃၅ | ၂၉၆၅ | ၂၈၁၅ | ၂၈၃၀ | ၂၈၆၀ | ၂၈၅၀ | ၂၈၆၅ | ၃၂၇၀ | ၃၇၀၀ |
| HSD (500 ppm) | ၂၃၄၅ | ၂၄၂၅ | ၂၄၀၀ | ၂၃၅၅ | ၂၄၂၅ | ၂၄၄၀ | ၂၄၅၀ | ၂၄၀၅ | ၂၅၃၅ | ၂၅၆၅ | ၂၄၁၅ | ၂၄၃၀ | ၂၄၆၀ | ၂၄၅၀ | ၂၄၆၀ | ၂၈၇၀ | ၃၆၅၀ |
| HSD (50 ppm) | ၂၃၉၅ | ၂၄၇၅ | ၂၄၅၀ | ၂၄၀၅ | ၂၄၇၅ | ၂၄၈၅ | ၂၅၀၀ | ၂၄၅၅ | ၂၅၈၅ | ၂၆၁၅ | ၂၄၆၀ | ၂၄၇၅ | ၂၅၁၀ | ၂၅၀၀ | ၂၅၁၀ | ၂၉၂၀ | ၃၇၁၀ |
၂၀၂၀ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၅ တွင်ကျရှိသည့် ဒီကရီကိုအတည် ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်မြတ်စုနိုင် (၎င်း၏ အခွင့်ရ ကိုယ်စားလှယ် ဦးသန်းထိုက်ဦး)က လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့် ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ မေလ ၃၀ ရက်၊ (၁၃၈၆ ခုနှစ်၊ ကဆုန်လဆုတ် ၈ ရက်)နေ့ မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် ဤရုံးတော် ရှေ့လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ မေလ ၁၆ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရဲဟန်ဇော်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**သာကေတမြို့နယ်တရားရုံး**

---

### အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင် ရပ်ကွက်၊ ကိုယ့်မင်းကိုယ်ချင်းလမ်း၊ တိုက်အမှတ် ၆၉၊ ယုဇနကွန်ဒိုတာဝါ၊ Basement + ၁၂ ခန်းတွဲ၊ (၁၄) ထပ်တိုက် အဆောက်အဦရှိ အခန်း အမှတ်-၁၂၀၅၊ (၁၂-ထပ်)၊ အကျယ်အဝန်း ၁၈၀၀ စတုရန်းပေခန့်ရှိ ကွန်ဒိုတိုက်ခန်းနှင့် ရေ၊ လျှပ်စစ်မီတာ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိပိုင်ဆိုင် ရောင်းချခွင့်ရှိသူ ဦးဆက် အောင် [၁၂/ပဇတ(နိုင်)၀၀၃၃၉၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည် ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါ ကွန်ဒိုတိုက်ခန်း နှင့် ယင်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်း မူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက် ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ် ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန့်ဇော်ဝင်းဦး (LL.B.,LL.M.)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၅၂၇)**
**တိုက် C2A၊ အခန်း(၁၁၀)၊ (ပ-ထပ်)၊ Time Square Condo၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၉၆၅၁၇၈၀၁၈၊ ၀၉-၂၅၀၀၆၀၃၁၃**

---

### “ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အမှတ် (၁) ရပ်ကွက်၊ အနော်ရထာလမ်း၊ တိုက်အမှတ် (၁၀၉)၊ အခန်း (၄)၊ ပထမထပ်၊ တိုက်ခန်း ရေမီးအစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ရောင်းချ ခွင့်ရှိသူ ဦးသန်းထိုက်စိုး [၉/မရမ (နိုင်) ၀၈၃၅၆၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာ စာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းဖေခိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၅၇၉၊ ၂၀-၂-၂၀၀၈)**
**အမှတ် (၃၃/၄၉)၊ မြေညီထပ် (Shine Condo)၊ ဘားလမ်း (အောက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph: 09-255755885, 09-955192298**

---

### “ကန့်ကွက်နိုင်ပါသည်”

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၈)ရပ်ကွက်၊ ဇီဇဝါလမ်း၊ အမှတ်(၄၀)၊ ဒုတိယထပ်၊ ၃-လွှာ (မျက်နှာမူလျှင် ဝဲဘက်) ဟုခေါ်တွင်သည့် အကျယ်အဝန်း (၁၅x၅၀) ပေရှိ တိုက်ခန်းနှင့် အဲယားကွန်း (၁) လုံး၊ ကိုယ်ပိုင်မီတာ၊ ရေမော်တာ စွဲကပ်တည်ရှိနေသော အရာများ၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ် များဖြင့် ဝယ်ယူပိုင်ဆိုင်ထားကြသူ **ဦးထွန်းမင်းကြည် [၇/လပတ(နိုင်) ၀၈၇၁၄၂]+ ဒေါ်ယုဝါလှိုင် [၁၄/မအပ(နိုင်)၂၅၃၂၅၀]**တို့က တရားဝင် ရောင်းချပိုင်ခွင့် အပြည့် အဝရှိကြောင်း တာဝန်ယူဝန်ခံရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်ပြီး အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းစုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ (၇) ရက် အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးအေးမော် (B.Sc, H.G.P, D.B.L, D.A. Psy)**
**အထက်တန်းရှေ့နေ (စဉ်-၁၈၆၀၉)**
**အမှတ် (၁၂၄)၊ (၅၂)လမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၄၃၅၈၃၊ ၀၉-၇၉၅၉၁၉၈၄၅**

---

### “ကန့်ကွက်နိုင်ပါသည်”

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ (၅၁) လမ်း(အလယ်လမ်း)၊ အမှတ်(၁၁၆)၊ (၆)လွှာ(A) တိုက်ခန်းနှင့် ယင်းတိုက်ခန်း ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ ဝန်ခံကတိပြုသူဖြစ်သော **ဦးပြည့်ဖြိုး အောင် [၁၂/ပဇတ(နိုင်)၀၃၄၀၆၂]**ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ အဆိုပါတိုက်ခန်း အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကြော်ငြာပါ သည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်နောက်ပိုင်းတွင် အရောင်း အဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခိုင်သဇင်မျိုး (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၇၉၄)**
**အမှတ်(၂/အေ-၂၀၅)၊ ရတနာမွန်အိမ်ရာ၊ ဘုရင့်နောင်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-09-452116020, 09-768181631**

---

### အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၄) ရပ်ကွက်၊ ကံ့ကော်မြိုင်လမ်း၊ အမှတ်-၁၄၀၅/ခနေ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်[၁၂/သဃက(နိုင်)၀၀၂၂၆၉]ကိုင်ဆောင်သူ ဒေါ်ကြည် ကြည်နိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်သည်မှာ-

ဒေါ်ကြည်ကြည်နိုင် တရားဝင်လက်ရှိပိုင်ဆိုင်သော အမှတ် (၁၄၀၅/က)၊ ကံ့ကော်မြိုင်လမ်း၊ (၅၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် မြေကွက်၏ ဦးပေါက်ဖော်[၁၂/ကမန(နိုင်)၀၅၂၃၉၁]အမည် ပေါက် မြေချပါမစ်မူရင်းသည် ပျောက်ဆုံးသွားခဲ့ပါသည်။ အဆိုပါမြေချ ပါမစ်မူရင်းအား တွေ့ရှိပါက ကျွန်ုပ်ထံသို့ အကြောင်းကြားပေးပါရန် အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးရဲလင်းအောင်(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၉၂၅၁)**
**ရှေ့နေရုံးခန်း၊ တရားရုံးရှေ့၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း-၀၉-၆၆၆၁၁၃၃၄၄၊ ၀၉-၇၅၇၃၆၆၄၃၀**




# ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆၈)၊ ဘယကျော်ထင်လမ်း၊ မြေကွက်အမှတ်(၁၂၄၂)၊ (အလျား ၄၀' x အနံ ၆၀') ရှိသော ပါမစ်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ယခုရောင်းချသူဖြစ်သော ဗိုလ်ကြီးအေးလွင် [၁၂/သဃက(နိုင်)၁၂၁၃၅၀] အမည်ဖြင့် မှတ်သားတည်ရှိပြီး ၎င်းထံမှကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သွယ်သွယ်မိုး [၁၂/မရက(နိုင်)၁၃၇၀၉၄] က အပြီးအပိုင်ဝယ်ယူရန်အတွက် (၁၆-၅-၂၀၂၄) ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်နှင့် မြေရှင်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများကိုကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်မည့်မြေကွက်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းမြင့် (LLB, WIPO, Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၇၄)**
**၄၃၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၉၆၇၆၈၃၂၀၄၊ ၀၉-၄၅၀၂၇၉၄၆၈**

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (ထ/၁၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ မြေကွက်အမှတ်(၂၀၅/က)၊ အကျယ်အဝန်း (၂၀ x ၆၀) ပေရှိ ဦးစစ်ကို(ခ) စစ်ဗိုလ်အမည်ပေါက် ပါမစ်မြေအမျိုးစားနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

အထက်ပါမြေကွက်အား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးကျော်ကျော်ဦး [၁၂/မရက(နိုင်)၁၈၂၀၇၄] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးငွေ၏ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤမြေကွက်အရောင်းအဝယ်ကို ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား (စာရွက်စာတမ်းမူရင်းများ) နှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ပြီးဆုံးသည်အထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးလှစော၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းငြိမ်း (LL.B) (D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၈၉၇)**
**အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၅၂၈၆၀၄၂၊ ၀၉-၇၆၀၈၁၁၇၇၆**

# အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒလမြို့နယ်၊ ရာဇသင်္ကြန်ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်းသွယ်၊ အမှတ်-၅/၁၅၀ နေ ဦးအောင်ဆန်းမြင့် မှတ်ပုံတင်အမှတ်[၁၂/ဒလန(နိုင်) ၀၀၁၈၀၂] ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည် -

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်နှင့် မြေကွက်အမှတ်-၅/၁၅၀၊ မြေအကျယ် ၄၀ ပေ x ၆၀ ပေ အား နိုင်ငံတော်မှ မူလအမည်ပေါက် ဒေါ်လှလှမြင့် မှတ်ပုံတင်အမှတ်-Q/RGN ၀၁၂၀၆၅ အား ချထားပေးခဲ့ပြီး ဒေါ်လှလှမြင့်မှစ၍ လက်ဆင့်ကမ်းရောင်းချခဲ့ရာတွင် ဦးအောင်ဆန်းမြင့်မှ (၂၉-၃-၂၀၀၆) ရက်နေ့တွင် ၅/၁၅၀ မြေကွက်အား လက်ဝယ်ပိုင်ဆိုင်ထားသူ ဒေါ်လင်းလင်း မှတ်ပုံတင်အမှတ်[၁၂/လမတ(နိုင်)၀၁၅၅၁၈]ထံမှ ဝယ်ယူ၍ နေအိမ်ဆောက်လုပ်ပြီး ယနေ့တိုင်နေထိုင်လျက်ရှိပါသည်။ ယခုအခါ လူတစ်စုမှ ဒုတိယဝယ်ယူသူဖြစ်သော ဦးလှဖြူ မှတ်ပုံတင်အမှတ်[၁၂/ဒလန (နိုင်)၀၁၇၀၇၁] အမည်ဖြင့် မြေကွက်အမှတ်-၅/၁၅၀ ၏ နှစ် ၆၀ မြေငှားဂရန်ကိုကိုင်၍ လိုက်လံရောင်းချနေကြောင်း ကြားသိရပါသည်။ ဦးအောင်ဆန်းမြင့်မှ ဦးလှဖြူအား သွားရောက်မေးမြန်းရာတွင် ၎င်းအနေဖြင့် နှစ် ၆၀ မြေငှားဂရန်ထုတ်ယူခဲ့ဖူးခြင်းမရှိကြောင်း သိရပါသည်။

သို့ဖြစ်ပါ၍ မြေကွက်အမှတ်-၅/၁၅၀ အား ဦးအောင်ဆန်းမြင့်၏ တရားဝင်ခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ ပြုလုပ်ဆောင်ရွက်ခွင့်မရှိပါကြောင်း ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်မြင့် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၁၇၂၃)**
**အမှတ်-၆/၁၀၆၂၊ မေခ (၁) လမ်း၊ ညောင်ကုန်းရပ်ကွက်၊**
**ဒလမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၀၃၁၆**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရေအားလျှပ်စစ်စီမံကိန်းများတွင် အသုံးပြုရန်လိုအပ်သောပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | D.D.P |
|---|---|---|
| (က) | 016/DHPI/Fuel/2024-2025 | At Site |
| (ခ) | 017/DHPI/Construction Material/2024-2025 | At Site |

၂။ တင်ဒါစတင်ရောင်းချမည့်ရက် - (၂၁-၅-၂၀၂၄)ရက်မှ (၄-၆-၂၀၂၄)ရက်အထိ

၃။ တင်ဒါရောင်းချမည့်အချိန် - (၁၀:၀၀)နာရီမှ (၁၅:၃၀)နာရီထိ

၄။ တင်ဒါတင်သွင်းရမည့်နေ့ရက်နှင့်အချိန် - (၅-၆-၂၀၂၄) (၁၂:၀၀)နာရီ မတိုင်မီ တင်သွင်းရမည်

၅။ တင်ဒါရောင်းချ/တင်သွင်းရမည့်နေရာ - ပစ္စည်းဖြည့်တင်းရေးဌာနခွဲ၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ (၃)ထပ်ဆောင်၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်။

၆။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာသို့ လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်-

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၁၉၁၊ ၀၆၇-၈၁၀၄၁၉၀**

# သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၂၆)ရပ်ကွက်၊ မိုးစန္ဒာ(၆)လမ်း၊ အိမ်အမှတ်(၇၇၇)နေ ဦးသိန်းမြင့်[၁၂/သဃက(နိုင်)၁၁၄၂၉၁]နှင့် ဒေါ်သန်းငွေ [၁၄/ဟသတ(နိုင်)၁၃၀၆၆၅]တို့၏သား မောင်ထက်လင်းအောင်[၁၂/ဒဂတ(နိုင်)၁၂၁၆၀၈]သည် မိဘများ၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် ရာသက်ပန်သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် မောင်ထက်လင်းအောင်နှင့် ပတ်သက်ဆက်နွှယ်သော ငွေရေးကြေးရေး အရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်း ပြဿနာများနှင့် အခြားမည်သည့်ကိစ္စများကိုမှ ယနေ့မှစ၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်တော့ပါကြောင်း မောင်ထက်လင်းအောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန်းငွေ [၁၄/ဟသတ(နိုင်)၁၃၀၆၆၅]**
**တောင်ဒဂုံမြို့နယ်။**

# အများသိရှိနိုင်စေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်စိုးစိုးအောင် [၁၂/သဃက(နိုင်) ၀၈၉၈၄၆]သည် **"ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၆)ရပ်ကွက်၊ အင်းဝအိမ်ရာ၊ မြိတ်လမ်း၊ တိုက်အမှတ်(၅၃)၊ အခန်း(၀၀၂)၊ (မြေညီထပ်) ဟုခေါ်တွင်သော အကျယ်(၁၁၇၅)စတုရန်းပေရှိ တိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး"** တို့အား တရားဝင်ပိုင်ဆိုင်သူဖြစ်သော **"ဒေါ်ရူပါမြ [၁၂/အစန(နိုင်) ၀၆၀၈၃၀]"** ထံမှ (၁၉-၅-၂၀၂၄)ရက်နေ့တွင် စာချုပ်ချုပ်ဆို၍ တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဖြစ်ပါသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်စိုးစိုးအောင်သာလျှင် အထက်ပါတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ပိုင်ရှင်ဖြစ်ကြောင်းနှင့် လိုအပ်သလို စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မေသဉ္ဇာသိန်း (LL.B)** | **ဒေါ်ပွင့်သူဇာ(LL.B)** |
| **(စဉ်-၁၄၅၉၈)** | **(စဉ်-၁၄၅၉၂)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၁၁၁၇၂၀၄၊ ၀၉-၂၆၂၆၈၅၇၄၄၊ ၀၉-၂၆၄၆၉၇၉၀၉**

## "တိုက်ခန်း" ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးဦးသိန်းမြင့် [၁၁/စတန(နိုင်) ၀၂၃၀၄၉] နှင့် ဒေါ်ညိုညို [၁၁/စတန(နိုင်) ၀၃၇၄၇၄] သည် **"ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၅)ရပ်ကွက်၊ ပုလဲမွန်အိမ်ရာ၊ တိုက်အမှတ်-(၉)၊ အခန်းအမှတ်(၂၀၄/ဒုတိယထပ်)၊ (ခေါင်းရင်းဘက်ခြမ်း) ဟုခေါ်တွင်သော အကျယ်(၁၁၅၀) စတုရန်းပေရှိ တိုက်ခန်း(၁)ခန်း အပါအဝင် ရေ၊ မီး အစုံအလင်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး"**တို့အား တရားဝင်ပိုင်ဆိုင်သူဖြစ်သော "ဦးသော်တာဦး [၁၂/သဃက(နိုင်)၀၀၇၇၅၅]" ထံမှ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မေသဉ္ဇာသိန်း (LL.B)** | **ဒေါ်ပွင့်သူဇာ(LL.B)** |
| **(စဉ်-၁၄၅၉၈)** | **(စဉ်-၁၄၅၉၂)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၁၁၁၇၂၀၄၊ ၀၉-၂၆၂၆၈၅၇၄၄၊ ၀၉-၂၆၄၆၉၇၉၀၉**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အလုပ်သမားဝန်ကြီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လူမှုဖူလုံရေးအဖွဲ့၏ သတင်းအချက်အလက်စနစ် (SSB Information System) အတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အောက်ဖော်ပြပါ Lot (၂) ခုအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်သွားရန် နှစ်ဆင့်အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

Lot(1)- Telecommunication Infrastructure Implementation ဆောင်ရွက်ခြင်း။

Lot(2)- Hardware များ ဝယ်ယူခြင်း။

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | တင်ဒါပုံစံစတင် ရောင်းချမည့်ရက် | - | ၂၀-၅-၂၀၂၄ ရက်နေ့ (တနင်္လာနေ့) |
| (ခ) | တင်ဒါပုံစံနောက်ဆုံး ရောင်းချမည့်ရက် | - | ၂၇-၅-၂၀၂၄ ရက်နေ့(တနင်္လာနေ့) |
| (ဂ) | တင်ဒါပုံစံနှင့်တင်ဒါ အဆိုပြုလွှာများ တင်သွင်းရမည့်နေရာ | - | စီမံခန့်ခွဲရေးဌာန၊ လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်)၊ အမှတ်-ဥ/၇၇၊ ရွှေတောင်သီရိလမ်း၊ ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။ |
| (ဃ) | တင်ဒါပုံစံနှင့်တင်ဒါ အဆိုပြုလွှာများ နောက်ဆုံးတင်သွင်းရမည့် နေ့ရက်နှင့် အချိန် | - | ၁၀-၆-၂၀၂၄ ရက်နေ့(တနင်္လာနေ့) ညနေ(၄:၃၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အလုပ်သမားဝန်ကြီးဌာန၏ Website **https://www.mol.gov.mm** နှင့် လူမှုဖူလုံရေးအဖွဲ့၏ Website **https://www.ssb.gov.mm** တွင် လေ့လာနိုင်ပြီး၊ ဖုန်း-၀၆၇-၃၄၁၇၉၀၄၊ ၀၆၇-၃၄၁၇၉၀၆၊ ၀၆၇-၃၄၁၇၉၅၁၊ ၀၆၇-၃၄၁၇၉၅၂ များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**အလုပ်သမားဝန်ကြီးဌာန**

# အမွေဆိုင်များနှင့် အများသိစေရန် သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကမာကဆစ်ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်းရှိ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို အဘွားလေးဒေါ်ကျင်ပေါ်မှ ၁၉၈၉ ခုနှစ်၊ ဒလမြို့နယ် မြို့သစ်စီမံကိန်းအရ မြို့သစ်များဖော်ရာတွင် အမည်ပေါက်လျှောက်ထားရယူခဲ့ခြင်း ဖြစ်ပါသည်။

ယင်း မရွှေ့မပြောင်းနိုင်သောပစ္စည်းပိုင်ရှင်ဖြစ်သူ ဒေါ်ကျင်ပေါ်မှာ အပျိုကြီးဖြစ်ပြီး ကွယ်လွန်ခဲ့ပြီးဖြစ်ပါသည်။ ဒေါ်ကျင်ပေါ်တွင် ဦးစိန်လျောင်၊ ဦးစိန်ထွန်း၊ ဦးစိန်ကြည် စသည့်ညီအစ်ကိုမောင်နှမ (၃)ဦးရှိခဲ့ပါသည်။ ၎င်းတို့(၃)ဦးမှာလည်း ကွယ်လွန်သွားပြီဖြစ်၍ ဦးစိန်လျောင်တွင် သားသမီး(၂)ဦး၊ ဦးစိန်ထွန်းတွင် သားသမီး(၄)ဦး၊ ဦးစိန်ကြည်တွင် သား(၁)ဦး အသီးသီးထွန်းကားခဲ့ပြီး ကွယ်လွန်သွားကြပြီး ဖြစ်ပါသည်။

ဒေါ်ကျင်ပေါ်၏ ဖော်ပြပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းအပေါ် အမွေဆက်ခံပိုင်ခွင့်ရှိသည့် ဦးစိန်ထွန်း၏ သားသမီး(၄)ဦးအနက် ဦးတိတ်စိန်၏ သားသမီး ဦးအောင်မြင့်ပါ (၇)ဦးနှင့် ဦးအောင်ထွန်း၏သား ဦးငွေအောင်ပါ (၄)ဦးတို့သာ အမွေဆက်ခံပိုင်ခွင့်ရှိသူများအဖြစ် သက်ရှိထင်ရှားရှိနေသော ဒေါ်ကျင်ပေါ်၏မြေးများ ဖြစ်ပါသည်။

ဒေါ်ကျင်ပေါ်၏ အစ်ကိုအရင်း ဦးစိန်လျောင် (ကွယ်လွန်) ၏ သားတစ်ဦးဖြစ်သူ ဦးထွန်းရှိန် (ဒေါ်ကျင်ပေါ်၏တူအရင်း) နှင့် ဒေါ်ကျင်ပေါ်၏အစ်ကိုအရင်း ဦးစိန်ကြည် (ကွယ်လွန်) ၏သားတစ်ဦးဖြစ်သူ ဦးဝင်းထိန် (ဒေါ်ကျင်ပေါ်၏တူအရင်း) တို့မှာလည်း အမွေဆက်ခံပိုင်ခွင့်ရှိသူများ ဖြစ်ကြပါသည်။

ယင်းအမွေဆက်ခံပိုင်ခွင့်ကိစ္စနှင့်ပတ်သက်၍ (၃-၁၂-၂၀၂၂) နေ့တွင် ကြေးမုံသတင်းစာတွင် ထည့်သွင်းကြေညာထားပြီးလည်း ဖြစ်ပါသည်။

ယခုအခါ အမွေဆိုင်မြေးတစ်ဦးဖြစ်သူ ဦးအောင်မြင့်မှ တခြားအမွေဆက်ခံပိုင်ခွင့်ရှိသူများ၏ သဘောတူညီမှုမရှိဘဲ မိမိတစ်ဦးတည်းဆန္ဒဖြင့် ဒေါ်ကျင်ပေါ်၏ အမည်ပေါက်ပိုင်ဆိုင်သော ဖော်ပြပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို သက်ဆိုင်ရာဌာနတွင် အမည်ပြောင်း ဂရန်လျှောက်ထားရယူသွားခဲ့ကြောင်း စုံစမ်းသိရှိရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို မြေးဖြစ်သူ(၁၁)ဦးနှင့် တူအရင်းဖြစ်သူ(၂)ဦးတို့မှသာ အမွေဆက်ခံခွင့်ရှိနေပါသဖြင့် မြေးဖြစ်သူများနှင့် တူများအားလုံးသဘောတူညီမှုမရှိဘဲ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်းတို့ မပြုလုပ်ပါရန်နှင့် မြေးအားလုံးနှင့်တူအားလုံး သဘောတူညီမှုမရှိဘဲ လုပ်ဆောင်ရွက်ခဲ့ပါက လွှဲပြောင်းလက်ခံသူ၏ တာဝန်သာဖြစ်ပြီး လွှဲပြောင်းပေးမှုမမြောက်ကြောင်းကိုလည်း ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြေးတစ်ဦးဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ဗညားဒလရပ်ကွက်၊ ဦးအောင်ဇေယျ (၁၀)လမ်း၊ အမှတ်(၁၄/က) နေ ဦးထင်အောင် [၁၂/ဒလန(နိုင်)၀၄၃၃၀၆] ၏ လွှဲအပ်ညွှန်ကြားချက်အရ အမွေဆိုင်များနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးထင်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ ဆောင်ရွက်ခြင်းဖြစ်ပါသည်။**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန်းဦး (B. Com (AA), H.G.P, RL.) တရားလွှတ်တော်ရှေ့နေ (စဉ်-၅၈၀၂)**
**အမှတ်(၆၄၁)၊ ဇာနည်(၁၄)လမ်း၊ (၉) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၆၅၀၆၅၆၆၈၈၊ ၀၉-၄၃၀၃၁၅၀၇**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ နဝဒေးရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၃/နဝဒေးရပ်၊ မြေဧရိယာ (၀.၁၁၀)ဧကရှိ ဒု-အရာခံဗိုလ်မြင့်(ဘ) ဦးခင်မောင်၊ မှတ်ပုံတင်အမှတ် [၁၂/ရကန(နိုင်)၀၁၁၀၈၄]အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက် အမှတ်[ပစ(B)၁၅၇၃]ကိုမြေကွက် အမည်ပေါက် (ကွယ်လွန်)၏ တရားဝင် ဇနီးဖြစ်သူ ဒေါ်ခင်အေးကျင်(ဘ)ဦးမွန်ကျင်၊ မှတ်ပုံတင်အမှတ်[၁၂/ရကန(နိုင်)၀၁၁၀၈၅]မှ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းကြေညာစာချုပ်ချုပ် ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာ ပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်း များ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံ ခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိ သည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှု အား ဆက်လက်ဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**



## လွမ်းဆွတ်သတိရခြင်း

**ဖေဖေ-Dr.ဦးသန်းငြိမ်း**

**မေမေ-ဒေါ်ခင်အေး**

၂၁-၅-၂၄ နေ့မှာ ခွဲခွာသွားတာ ၁၀ နှစ်ပြည့်ခဲ့ပြီ ဖေဖေ

၂၀-၅-၂၄ နေ့မှာ ခွဲခွာသွားတာ ၈ လပြည့်ခဲ့ပြီ မေမေ

ဖေဖေနဲ့မေမေတို့အတွက် ရည်စူးပြီး သားသမီး မြေးမြစ်တွေ ကောင်းမှုကုသိုလ်အစုစုကို လှူဒါန်းကုသိုလ်ပြုခဲ့ကြပါတယ်။ ဖေဖေနဲ့မေမေတို့ မြင့်မြတ်ရာဘုံဘဝမှ သာဓု အကြိမ်ကြိမ် ခေါ်ဆိုနိုင်ပါစေ။

**ဖေဖေနဲ့မေမေကို ချစ်တဲ့ သားသမီး မြေးမြစ်များ**

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

**ဒေါက်တာဘဒ္ဒန္တအရိယာဝံသာဘိဝံသမဟာထေရ်**

**မဟာဂန္ထဝါစက ပဏ္ဍိတ၊**

**သာသနဓဇ ဓမ္မာစရိယ၊ သာသနဓဇ သိရီ ပဝရ ဓမ္မာစရိယ၊**

**သာသနပါလ ဓမ္မာစရိယ၊ ဝိနယပါရဂူ၊ (Ph.D India)**

**သိက္ခာတော်(၅၁)ဝါ၊ သက်တော်(၇၀)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/တောင်၊ (၁၃)ရပ်ကွက်၊ သန်လျင်တံတားအိမ်ရာဝင်း၊ ပတ္တမြားလမ်း၊ ရွှေစာရံပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာန နာယက ကျေးဇူးတော်ရှင် ဆရာတော်ကြီး ဒေါက်တာ အရိယာဝံသာဘိဝံသသည် (၁၃၈၆ ခု၊ ကဆုန်လဆန်း ၁၁ ရက်)၊ ၁၈-၅-၂၀၂၄ (စနေနေ့) နံနက် ၁၀:၄၅ နာရီ တွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၆ ခု၊ ကဆုန်လပြည့်နေ့) ၂၂-၅-၂၀၂၄(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂ နာရီ တွင် အန္တိမ အဂ္ဂိစျာပန သာစုကီဋ္ဌနသဘင်ကို ဆင်ယင်ကျင်းပ၍ ကျီစုသုသာန်သို့ ညနေ ၃ နာရီတွင် ပင့်ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသောကြောင့် ရပ်ဝေး ရပ်နီးမှ တပည့်သံဃာများနှင့် ဒါယကာ/ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

တပည့် သံဃာတော်များနှင့် ဒါယကာ/ဒါယိကာမများ

## ဦးဇော်မြင့်

**အသက်(၇၄)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နေ (ဦးလှအောင်-ဒေါ်လှနု)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာနေ (ဒုဗိုလ်မှူးကြီး ဘသန်း)-ဒေါ်ညွန့်ရီ (ကိုးသုံးလုံးပုစွန်ခြောက်ဆိုင် သိမ်ကြီးဈေး)တို့၏သား/သမက်၊ (ဦးလှကြိုင်)၊ ဒေါ်နုနုရင်၊ (ဦးမောင်မောင်စိုး)တို့၏ညီ/မောင်၊ ( ဦးချစ်ခင်-ဒေါ်ခင်လှနွဲ့)၊ (ဦးကျော်လှ-ဒေါ်အေးသန်း)၊ (ဦးအုန်းသန်း)-ဒေါ်ခင်ခင်သိန်းတို့၏မောင်၊ ဦးမျိုးညွန့်-ဒေါ်လှမြင့်၊ (ဦးကျော်ဝင်း)-ဒေါ်တင်တင်ဆွေ၊ ဦးဌေးအောင်-(ဒေါ်မြင့်မြင့်သန်း)၊ ဦးမောင်မောင်ဌေး-ဒေါ်ပုလဲ၊ (ဦးအောင်ကျော်ဌေး)-ဒေါ်စန်းစန်းရီတို့၏အစ်ကို၊ ကိုအောင်ပြည့်ဖြိုး၊ ကိုအောင်ဇော်ဖြိုး-မနေခြည်ချစ်၊ ကိုဝေလဖြိုး-မချမ်းမြေ့နေခြည်၊ ကိုအာကာဖြိုး-မဝေမာနှင်း၊ ကိုဥက္ကာဖြိုးတို့၏ဖခင်၊ မြေးမလေး ဗစ်ဗစ်၏ ဘိုးဘိုး၊ မအေးမိမိစိုး၊ မောင်မြင့်မြတ်စိုးတို့၏ဘကြီး၊ ဒေါ်လှလှရီ(သိမ်ကြီးဈေး)၏ချစ်လှစွာသောခင်ပွန်း ဦးဇော်မြင့် အသက်(၇၄)နှစ်သည် ၂၀-၅-၂၀၂၄ (တနင်္လာနေ့)နံနက် ၃ နာရီတွင် (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၂၄(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ တိုက်(၅)၊ အခန်း(၁၆)၊ ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ်မှ မော်တော်ယာဉ်များ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ခင်ရီ(ခ)ဒေါ်ရီရီမေ**

**အသက်(၈၅)နှစ်**

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဦးစိုင်းကျော်ကျော်အောင်၊ ညွှန်ကြားရေးမှူး (ထုတ်လုပ်ရေး)၏ ချစ်လှစွာသောမိခင် ဒေါ်ခင်ရီ(ခ)ဒေါ်ရီရီမေ အသက်(၈၅)နှစ်သည် ၂၀-၅-၂၀၂၄ ရက် (တနင်္လာနေ့) ၁၁:၁၁ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်အရာထမ်းအမှုထမ်းများ**
**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ခင်ရီ(ခ)ဒေါ်ရီရီမေ**

**အသက်(၈၅)နှစ်**

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဦးစိုင်းကျော်ကျော်အောင်၊ ညွှန်ကြားရေးမှူး (ထုတ်လုပ်ရေး)၏ ချစ်လှစွာသောမိခင် ဒေါ်ခင်ရီ(ခ)ဒေါ်ရီရီမေ အသက်(၈၅)နှစ်သည် ၂၀-၅-၂၀၂၄ ရက် (တနင်္လာနေ့) ၁၁:၁၁ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ထုတ်လုပ်ရေးဌာနမှအရာထမ်း၊ အမှုထမ်းများ**
**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၃၇၆/က)၊ ကောလိယ(၃၂)လမ်း၊ အကျယ်အဝန်း (၂၀'x၆၀')၊ (၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်း တွင် အမည်ပေါက်သူ **ဒေါ်ကွေ့ချင်း(ခ)ဒေါ်ခင်အေး**[၁၄/ပသန(ဧည့်)၀၀၀၄၇၈]ထံမှ အထူးကိုယ်စားလှယ် လွှဲစာ အမှတ် (၂၀၉၀၃/၂၀၂၂) ရရှိထားသူ **ဦးအောင်ဇေဇင်ဘို**[၁၂/ဥကတ (နိုင်) ၁၇၄၀၀၆] မှ ပိုင်ဆိုင်မှု အရှုပ်အရှင်း ကင်းရှင်း၍ ပြန်လည် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးပြည့်ဖြိုးအောင် [၁၂/ကမရ(နိုင်)၀၅၈၀၂၇]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးပြည့်ဖြိုးအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မွန်မွန်ချို(LL.B)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)**

**ဒေါ်စန္ဒာဝင်း(LL.B)** — **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)**

**အမှတ် (၈၂၈/က)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၉သမိုင်း၊ မြေကွက် အမှတ်-၃၉၊ ဧရိယာ(၀.၁၈၄)ဧက၊ မြေကွက်တည်နေရာအမှတ်(၂၀)၊ အောင်သိဒ္ဓိလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဦးအောင်သန်း၊ ဦးညာဏ်ထွန်းအမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအားအမည်ပေါက်(၂)ဦးအနက် အမည်ပေါက်တစ်ဦးဖြစ်သူ ဦးအောင်သန်းသည် ၃၁-၃-၂၀၂၄ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်ထွေးလေး(ခ)ဒေါ်ခင်ဝင်းနိုင် [၁၂/လမတ(နိုင်)၀၁၇၀၃၅] တရားဝင် အကြင်လင်မယား တော်စပ်ကြောင်း၊ မိမိမှလွဲ၍ အခြားဇနီးမယား တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ဦးအောင်သန်းကွယ်လွန်၏အစုအား ဇနီးဖြစ်သူ မိမိတစ်ဦးတည်းကသာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် မိမိမှလွဲ၍ အခြားမည်သူ တစ်ဦးတစ်ယောက်မျှ အမွေဆက်ခံပိုင်ဆိုင်အကျိုးခံစားခြင်း မရှိပါကြောင်း တရားရုံးကျမ်းကျိန်လွှာ အမှတ်-၄/၇၄၂/၂၀၂၄ (၂၃-၄-၂၀၂၄)၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုစာရင်း၊ အမည်ပေါက်စာချုပ်၊နိုင်ငံသားစိစစ်ရေးကတ်တို့ကိုတင်ပြ၍ ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးညာဏ်ထွန်း [၁၂/လမတ(နိုင်)၀၀၈၂၁၂]နှင့် ပူးတွဲ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ရတနာလမ်း၊ တိုက်အမှတ်(၁၂၅၃)၊ (၂)ခန်းတွဲ RC(၈)ထပ်ခွဲ၊ မီနီကွန်ဒိုတိုက်ခန်း၏ (၇)လွှာ၊ ခေါင်းရင်းခန်း၊ အခန်းအမှတ်(၇/B)၊ ဧရိယာအကျယ်အဝန်း (၁၀၂၆) စတုရန်းပေရှိ Lift ပါ မီနီကွန်ဒိုတိုက်ခန်း (၁) ခန်းနှင့်တကွ ရေ၊ မီး၊ ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အဆက်အစပ်အရောင်းအဝယ်ကတိစာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးမျိုးအောင်ချစ် [၁၂/မရက(နိုင်)၁၁၇၂၄၇]၊ ဒေါ်တင်မိုးဆွေ [၁၃/ကခန(နိုင်)၀၇၄၆၂၉] ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ ( ၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက မီနီကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ဝါဝါစံ [ LL.B ] တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၅၀)**

**အမှတ်(၄၇၉)၊ ၇-လွှာ၊ အောက်ပုဇွန်တောင်လမ်း၊ (၅)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၄၂၁၀၁၅၂၅၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ်(၅၂)ဟုခေါ်တွင်သော မြေပေါ်တွင် ဆောက်လုပ်ထားသည့် ရွှေမြယာ(၂)အဆင့်မြင့်အိမ်ရာ၊ တိုက်အမှတ်(A)၊ အခန်းအမှတ်(A-203)၊ ပထမထပ်၊ အကျယ်အဝန်း(၂၄၀၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ် တပ်ဆင်ထားသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် **ဦးဝင်းထွန်းမြင့်**[၁၂/ပဘတ(နိုင်) ၀၀၁၄၉၈]နှင့် **ဒေါ်အိလင်းမြိုင်**[၁၂/ပဘတ(နိုင်)၀၁၆၂၂၃]တို့ အမည်ပေါက်တည်ရှိပြီး အမည်ပေါက်များကိုယ်တိုင်မှ ပိုင်ဆိုင်မှု အရှုပ်အရှင်း ကင်းရှင်း၍ ပြန်လည် လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေများမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း မူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မွန်မွန်ချို(LL.B)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)**

**ဒေါ်စန္ဒာဝင်း(LL.B)** — **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)**

**အမှတ် (၈၂၈/က)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈**

## အများသိစေရန်ကြေညာအပ်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ အောင်ဇေယျာလမ်း၊ အမှတ်(၄၄၉)၊ ဒေါ်ညွန့်ညွန့်[၁၂/ဗဟန(နိုင်)၀၂၂၅၀၃]အမည်ပေါက် ပါမစ်မူရင်းပါ မြေ အကျယ်ပေ(၄၀x၆၀)ရှိမြေနှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော ရေ/မီးပါရှိသည့် နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်သန်းသန်းအေး (ကွယ်လွန်)[၁၂/မရက(နိုင်)၀၅၃၁၅၅]၊ ဦးစိုးသိန်း[၁၂/မရက(နိုင်)၀၅၂၀၄၁]၊ ဒေါ်မြအေး[၁၂/မရက(နိုင်)၀၃၇၂၈၃]၊ ဒေါ်ကျင်ရွှေ [၁၂/မရက(နိုင်)၁၀၇၂၀၅]တို့မှ အရပ်ကတိစာချုပ်အဆင့်ဆင့်တို့ဖြင့် (၂၃-၂-၂၀၁၄)ရက်နေ့တွင် "အိမ်နှင့်မြေကွက် အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်"ကို ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ပြီးနောက်(မြေကွက်ကိုမျက်နှာမူလျှင်-ဘယ်ဘက်ရှိ)မြေအကျယ် ပေ(၁၀x၆၀)ရှိ မြေကွက်ကို ပြန်လည်ရောင်းချထားပြီးဖြစ်၍ မြေအကျယ်ပေ(၃၀x၆၀)ရှိမြေနှင့်ယင်းမြေပေါ်ရှိ နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ မည်သည့် အရှုပ်အရှင်း တစ်စုံတစ်ရာမျှမရှိ ကင်းရှင်းပါကြောင်းနှင့်မည်သည့်တရားရုံးတို့တွင်မျှ အမှုအခင်းတစ်စုံတစ်ရာမရှိဘဲ ယနေ့တိုင် ကန့်ကွက်သူမရှိဘဲ လက်ရောက်လွှဲပြောင်း ရရှိထားသူများဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ညွှန်ကြားသူများ-**
**ဦးစိုးသိန်း၊**
**ဒေါ်မြအေး၊ ဒေါ်ကျင်ရွှေ**

**ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြဌေး(H.G.P,LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊(၂၀-၇-၁၉၉၈)**
**ရုံး-(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၅၄၀၇၂၂၉**

## အမှားပြင်ဆင်ဖတ်ရှုပါရန်

(၂၀-၅-၂၀၂၄)ရက်နေ့ထုတ် ကြေးမုံသတင်းစာ၏ စာမျက်နှာ-၃၁ တွင် ပါရှိသော တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်မာလွင်၏ ကန့်ကွက်နိုင်ကြောင်း သတင်းစာကြေညာ၌ လွှဲအပ် ညွှန်ကြားသူ ဒေါ်ဆွေဆွေမွန်၏ နိုင်ငံသားကတ်အမှတ်အား [၉/ဝတန(နိုင်)၁၆၇၈၄၃]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**အား က စား မြှင့် တင် စိတ် လန်း ရွှင် ဆန့် ကျင် မူး ယစ် ဆေး**

## ကျေးဇူးတင်ရှိခြင်း

ဒုတိယဗိုလ်ချုပ်ကြီး သရေစည်သူကျော်ဘ(အငြိမ်းစား) နာမကျန်းဖြစ်စဉ်ကာလအတွင်း မေတ္တာစေတနာအပြည့်ဖြင့် ကုသပြုစုပေးခဲ့ကြသော တပ်မတော်အသည်းရောဂါ အထူးကုဆေးရုံမှ တပ်မှူးနှင့်တကွ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများ ဆေးဝန်ထမ်းများနှင့် အရာရှိအရာခံ အကြပ်စစ်သည်အားလုံးအား လှိုက်လှဲစွာအထူးကျေးဇူး တင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒုတိယဗိုလ်ချုပ်ကြီး သရေစည်သူ ကျော်ဘ(အငြိမ်းစား)**

**အသက်(၉၀)နှစ်**

တေဇ (၉)မှ သူငယ်ချင်း မင်းမင်းဦး၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သရေစည်သူ ကျော်ဘ အသက် (၉၀)နှစ်သည် ၂၀-၅-၂၀၂၄ရက်(တနင်္လာနေ့)နံနက် ၁၀:၃၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူ သူငယ်ချင်းမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲ ရပါသည်။

**တေဇ(၉) ကျောင်းဆင်းသူငယ်ချင်းများနှင့်မိသားစုများ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ကြင်မြိုင် (လပွတ္တာမြို့)

**အသက်(၉၀)နှစ်**

လပွတ္တာမြို့နေ(ဦးအရှိန်-ဒေါ်ငွေသိန်း)တို့၏သမီး၊ ရန်ကုန်မြို့၊ ရွှေတောင်တန်းလမ်း၊ အမှတ်-၂၇နေ (ဦးအယူ)၏ဇနီး၊ (ဦးပန်းအောင်)၊ (ဦးပန်းမြိုင်)၊ ဒေါ်ပန်းရီ၊ ဦးပန်းရွှေ၊ ဦးကြည်ရှိန်၊ ဒေါ်မွေးမွေး၊ ဦးသိန်းထွန်း၊ ဒေါ်ရှုကျင်တို့၏မိခင်ကြီး၊ မြေး ၁၈ ယောက်၊ မြစ် ၁၄ ယောက်တို့၏ အဘွား ဒေါ်ကြင်မြိုင် အသက်(၉၀) နှစ်သည် ရန်ကုန်ဆေးရုံကြီး၌ ၂၀-၅-၂၀၂၄ရက် နံနက် ၇:၃၀ နာရီ တွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၂၄ရက် နံနက် ၉:၀၀ နာရီတွင်ဆေးရုံကြီးအအေးတိုက်ရွှေတိဂုံဘုရားလမ်းမှ ရေဝေးတရုတ်ဖုကျန့်သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ် ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြား အပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၅-၂၀၂၄ ရက် နံနက် ၈ နာရီမှ ၁၁ နာရီအထိ သံဃာတော် အရှင်သူမြတ်တို့အား ဒါတဗ္ဗဝတ္ထု အစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး ရက်လည်ဆွမ်းကျွေးတရား တော်နာယူမည်ဖြစ်ပါ၍ အမှတ်-၂၇၊ ရွှေတောင်တန်းလမ်း၊ ရန်ကုန်မြို့သို့ ကြွရောက်ပါရန် ညှိုးငယ်စွာ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ရွှေမှဲ့

**မာန်အောင်မြို့**

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၈)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်နေ (ဦးဘကြည်)၊လက်ထောက်အထွေထွေမန်နေဂျာ၊ အသေးစား ချေးငွေဌာန၊ မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်)(ငြိမ်း)နှင့် (ဒေါ်စောနှင်း)တို့၏ချစ်လှစွာသောညီမ၊ [နှင်းအေးကြည်ကြည် (ခ)ဥမ္မာ]နှင့် ဒေါက်တာစန္ဒာဝင်း(သားဖွားမီးယပ်အထူးကု ဆရာဝန်ကြီး)တို့၏ချစ်လှစွာသောမမကြီး၊ ရွှေဇင်ထွန်း၊ ဇင်မာထွန်း တို့၏ချစ်လှစွာသောကြီးကြီးသည် ၁၉-၅-၂၀၂၄ရက်(တနင်္ဂနွေနေ့) ည ၈:၁၅ နာရီတွင် ဇွဖပါးသောရောဂါဖြင့် မိသားစုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၂၄ရက်(အင်္ဂါနေ့)နံနက် ၁၁ နာရီ တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်တင်အေး(မော်ကျွန်း)

**အသက်(၈၂)နှစ်**

မော်ကျွန်းမြို့နေ(ဦးချစ်စိန်-ဒေါ်ထွေး)တို့၏သမီး၊ (ဦးရှန်ဘိ-ဒေါ်ညား)တို့၏ ချွေးမ၊ ရန်ကုန်မြို့၊လှိုင်မြို့နယ်၊ (၂) ရပ်ကွက်၊ သီရိ(၄)လမ်း၊ အမှတ်(၁၀၁)နေ [ဦးဝင်းမြင့်(ခ) ဦးဝမ်မော်]၏ချစ်လှစွာသောဇနီး၊ ဒေါ်မြတ်မျိုးမော်၊ ဦးသုတမောင်-ဒေါ်ပြည့်မျိုးမော်တို့၏ မိခင်၊ မောင်မင်းမခ၏ အဘွား ဒေါ်တင်အေးသည် ၁၉-၅-၂၀၂၄ (တနင်္ဂနွေနေ့) ည ၁၀:၅၅ နာရီတွင် ဇွဖပါးသောရောဂါဖြင့် ကွယ်လွန်သွားပါ၍ ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၁-၅-၂၀၂၄ရက်(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပါမည်။(နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## သင့်သွေးဖြင့် အသက်ကယ်ပါ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ကျင်လှိုင်

**အသက် (၉၃) နှစ်**

ရန်ကုန်မြို့၊ (၆)မိုင်ခွဲ၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ Royal Maung Bamar Condo နေ (ဦးဖွန်းနား-ဒေါ်စိန်တင်) တို့၏ သမီးကြီး၊ (ဦးဖေသန်း)၏ ဇနီး၊ ဒေါ်အေပရယ်သန်း၊ (ဦးစံဝင်း)- ဒေါ်ဂျူလိုင်သန်း၊ ဒေါ်ရည်မွန်သန်း၊ (ဦးနိုင်ထွန်းဦး)- ဒေါ်စန်းစန်းအေး တို့၏ မိခင်ကြီး၊ မြေး ခုနစ် ယောက်၊ မြစ် သုံးယောက် တို့၏ဘွားဘွားကြီး သည် ၁၅-၅-၂၀၂၄ (ဗုဒ္ဓဟူးနေ့) ညနေ ၃:၂၅ နာရီတွင် Grand Hantha ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၂၄(တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်စီသာရာနီ

**အသက်(၉၂)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့၊ အမှတ် (၁) ရပ်ကွက် နေ(ဦးဗွီးနတ်)၏ဇနီး၊ ဦးလှမောင် (ဗဟိုအလုပ်အမှုဆောင်၊ UMFCCI)-ဒေါ်သက်သက်ရှိန်၊ [ဦးထွန်းရင် (ခ)ဦးချိုတူး]၊ ဦးတင်မြင့်ဝင်းတို့၏ မိခင်ကြီး ဒေါ်စီသာရာနီ အသက် (၉၂) နှစ်သည် ၁၈-၅-၂၀၂၄ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၂၄ ရက်တွင် ကလေးဝမြို့၌ သင်္ဂြိုဟ်ပြီးဖြစ်ကြောင်း ရပ်ဝေး/ ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

**လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)**

**သက်ကြီးကန်တော့ခံအဘွား**

## ဒေါ်ကြင်မြိုင်

**အသက် (၉၀)နှစ်**

လပွတ္တာမြို့နေ(ဦးအရှိန်-ဒေါ်ငွေသိန်း)တို့၏သမီး၊ရန်ကုန်မြို့ ရွှေတောင်တန်းလမ်း၊ အမှတ်(၂၇)နေ(ဦးအယူ)၏ဇနီး၊ (ဦးပန်းအောင်)၊ (ဦးပန်းမြိုင်)၊ ဒေါ်ပန်းရီ၊ဦးပန်းရွှေ၊ ဦးကြည်ရှိန်၊ ဒေါ်မွေးမွေး၊ ဦးသိန်း ထွန်း၊ ဒေါ်ရှုကျင်တို့၏ မိခင်ကြီးသည် ၂၀-၅-၂၀၂၄(တနင်္လာနေ့)နံနက် ၇:၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၂၄(ဗုဒ္ဓဟူးနေ့)နံနက် ၉ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အအေးတိုက်မှရေဝေးဖုကျန့်တရုတ်သုသာန်သို့ ပို့ဆောင်၍ ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများနှင့်အသင်းဝင်များ အား အကြောင်းကြားအပ်ပါသည်။(ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေး တိုက်မှကားများ နံနက် ၉ နာရီတွင်ထွက်ပါမည်။)

အလုပ်အမှုဆောင်အဖွဲ့

## ဦးမင်းသူ

**Senior Manager (Technical)**

**(Ex.Chief Engineer) ၊ M.T.M Maritime Centre Co.,Ltd**

**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ ( ဦးသန်းလွင် - ဒေါက်တာ ဒေါ်မြသန်း) တို့၏သား၊ ( ဦးသန်းညွန့် )- ဒေါ်စန်းရီတို့၏ သားသမက်၊ ဒေါ်ညိမ်းညိမ်းညွန့် ၏ ခင်ပွန်း၊ မောင်ထက်မြတ်မင်း၊ မောင်ဟဲမင်းညိမ်းတို့၏ ဖခင်၊ ဦးသူရ၊ ဦးသီဟ၊ ဦးနေဝင်းတို့၏ ညီ၊ ဒေါက်တာ မသဇင်၏ မောင်၊ တူ၊ တူမ (၁၁) ယောက်တို့၏ ဦးလေးသည် ၂၀-၅-၂၀၂၄ (တနင်္လာနေ့)တွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သော ရုပ်ကလာပ်အား ၂၂-၅-၂၀၂၄ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန် သူအားရည်စူး၍ ၂၆-၅-၂၀၂၄ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အမှတ်(၁၄)၊ ပျားရည်ကုန်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ နေအိမ်၌ ရက်လည်ဆွမ်းဆက်ကပ်လှူဒါန်းပြီး ရေစက်ချအမျှပေးဝေမည်ဖြစ်ပါ၍ တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်( ၄၂ )၊ မြေကွက်အမှတ်(၆၆၀)၊ ဧရိယာ(၀.၀၅၈)ဧက၊ အကျယ်အဝန်း(၄၂ပေx ၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ခြေရင်းခြမ်း (မြေကွက်အမှတ်-၆၅၉)နှင့် ကပ်လျက်အခြမ်း)၊ ဧရိယာ (၂၀ x ၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၂-ရပ်ကွက်၊ ရွှေဥဒေါင်း(၃)လမ်း၊ အမှတ်(၆၆၀)ဟု ခေါ်တွင်သည့် မြေကွက်အရောင်းဝယ်နှင့် စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်**

အဆိုပါ မြေကွက်ကို တရားဝင် အမည်ပေါက်ပိုင်ရှင် **ဦးထွေး(CL-၀၃၈၆၃၀)** ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်သူ သား/သမီးများထံက အရပ်စာချုပ် အဆင့်ဆင့် ဖြင့် ဝယ်ယူထားသူ **ဒေါ်မေဖြူအေး[၁၂/စခန(နိုင်)၀၆၂၄၆၃]**ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထား ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက် အထားအပြည့်အစုံဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက် ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော် (စဉ်- ၄၀၃၅)**
**LL.B, DBL, DML, DIL, DLP.**

**ဒေါ်အေးအေးစိုး (စဉ်- ၅၈၂၇)**
**B.Sc, Hon (IC), HGP, R.L, D.B.L.**

**တရားလွှတ်တော်ရှေ့နေများ**

**ဦးရဲမြင့်ထွန်း (LL.B) (စဉ်- ၅၀၅၂၂)**
**အထက်တန်းရှေ့နေ**
**အမှတ် (၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766 HP: 09-501 7044**

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဒုတိယဗိုလ်ချုပ်ကြီး သရေစည်သူ ကျော်ဘ(အငြိမ်းစား)

**အသက်(၉၀)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ ပြည်သာယာရိပ်သာ၊ ပြည်တော်အေးလမ်း၊ အမှတ်(၃)နေ(ဦးရွှေစာ-ဒေါ်အုံးမေ)တို့၏သား၊ (ဒေါ်ခင်လေးယု)၏ ချစ်ခင်ပွန်း၊ ဦးကိုကိုဦး၊ ဦးမင်းမင်းဦး-ဒေါ်နော်မြမြငွေး၊ (ဦးသက်ဦးမောင်)၊ (ကိုထွန်းထွန်းဦး)၊ ဦးနိုင်နိုင်ဦး- ဒေါ်မေနီအောင်၊ ဒေါ်နွယ်နီဦး၊ ဦးအောင်အောင်ဦး-ဒေါ်ဖေါ်ယူပန်ဆိုင်းတို့၏ကျေးဇူးရှင်ဖခင် ကြီး ၊ ဦးစစ်မိုးဦး-ဒေါ်ချိန်လန်ဖိန်း၊ဒေါ်သွေးမိုးဦး၊ မောင်မင်းသိမ်းကျော်၊ မောင်ဖြိုးသိမ်းကျော်၊ မမေချမ်းဦး-ကိုအာကာမျိုးကျော်၊ ကိုဘုန်းမြတ်ဦး-ယမုံဦး၊ မစိမ့်စမ်းဦး၊ ကိုရဲမာန်ဦး-မနန်းမေ သန္တာဦး၊ မေဝသန်ဦး၊ မနှင်းဝင့်ထွန်း၊ ကိုနေနှောင်ဦး-Vienna၊ မမေဦးတို့၏အဘိုး၊ မြစ်ခြောက်ယောက် တို့၏အဘိုးဖြစ်သူ ဒုတိယဗိုလ်ချုပ်ကြီး သရေစည်သူကျော်ဘ(အငြိမ်းစား) သည် ၂၀-၅-၂၀၂၄(တနင်္လာနေ့) နံနက် ၁၀:၃၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ကျန်ရစ်သောရုပ်ကလာပ်အား ၂၁-၅-၂၀၂၄(အင်္ဂါနေ့)မွန်းလွဲ ၂ နာရီတွင် မင်္ဂလာဒုံရှင်ဂျော့ဂျ်က် ဘုရားရှိခိုးကျောင်းမှ တပ်မတော်စစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## လွမ်းမပြေပါနိုင်၊ ဆယ့်သုံးနှစ်တိုင်

**ဦးခင် (B.Sc.Engg)**

**အင်ဂျင်နီယာညွှန်ကြားရေးမှူး(ငြိမ်း)**

**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**

**(၂၁.၅.၂၀၁၁ - ၂၁.၅.၂၀၂၄)**

အဖေကြီးရေ

ရုပ်နာမ်ဓမ္မ၊ သင်္ခါရတို့၊ မမြဲမှန်စွာ၊ ဓမ္မတာဟုဖြစ်ပျက်သဘောသိပါသော် လည်း ဆယ့်သုံးနှစ်တိုင် မမေ့နိုင်အောင်ပူလောင်ကျွမ်းမြေ့ အောက်မေ့ သတိရဆဲပါ။ အဖေကြီးကိုရည်စူး၍ နေ့စဉ်လစဉ်နှစ်စဉ်ကောင်းမှုတွေပြုလုပ် ပြီးအမျှပေးဝေပါတယ်။ အဖေကြီးရောက်ရှိရာဘုံဘဝက သာဓုခေါ်ဆိုနိုင်ပါစေ- အဖေကြီးရေ အမျှ-အမျှ-အမျှ

**ချစ်ဇနီး-ဒေါ်ခင်ခင်ထွေးနှင့်**
**ချစ်သားသမီးများနှင့်ချစ်မြေးများ**

## ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာအာကာ - ဒေါ်သန္တာကျော်တို့၏ ဖခင်ကြီး ဦးတင်မောင်ဦး၊ သတ္တုတွင်း အင်ဂျင်နီယာ(ငြိမ်း)သည် ၁၉-၅-၂၀၂၄ ရက် နံနက် ၂:၁၅ နာရီ တွင် ကွယ်လွန်သွား ပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ်(၃၈) သူငယ်ချင်းများ**

**အားကစားမြှင့်တင်**

**စိတ်လန်းရွှင်**

**ဆန့်ကျင်**

**မူးယစ်ဆေး**

**"အထူးကျေးဇူးတင်ရှိခြင်း"**

## ဦးခင်ငြိမ်း

**သံအမတ်ကြီး(ငြိမ်း)၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)အကောက်ခွန်ဦးစီးဌာန**

**ညွှန်ကြားရေးမှူးချုပ်ဟောင်း (ပြည်သူ့လွှတ်တော်ရုံး)**

**အသက် (၈၇) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ဂန္ဓမာလမ်း၊ အမှတ်(၃၉)နေ ဒေါ်ခင်မြအေး ၏ ခင်ပွန်းဖြစ်သူ ဦးခင်ငြိမ်း ဆေးရုံတက်ရောက်ကုသစဉ် ဂရုတစိုက်ကုသပေးခဲ့ကြပါသော ဆရာဝန်ကြီးများ၊ ဒေါက်တာ ဦးရဲထွန်းနောင်နှင့် ကန်သာယာ ဆေးရုံဝန်ထမ်းများ၊ နာရေးကိစ္စ အစမှအဆုံးတိုင် ဖေးမကူညီ စောင့်ရှောက်ပေးကြပါသော အကောက်ခွန် ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ နှင့် ဝန်ထမ်းများ၊ အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း မိသားစုများ၊ မေတ္တာဖြင့် နာရေးလိုက်ပါပို့ဆောင်ပြီး နှစ်သိမ့် ဖေးမပေးကြသော ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်) အုပ်ချုပ်ရေးအဖွဲ့များ၊ နေ့စဉ်ထုတ်သတင်းစာများတွင် ဝမ်းနည်းကြောင်း ရေးသားပေးပို့ကြပါသော ပြည်သူ့လွှတ်တော်ရုံးဝန်ထမ်းဟောင်းများ (၁၉၇၄ -၂၀၁၀) နှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ဒူဘိုင်းမြို့မှ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ လူကိုယ်တိုင် လာရောက်၍ လည်းကောင်း၊ တယ်လီဖုန်းဖြင့်လည်းကောင်း သတင်းမေး အားပေးကူညီဖေးမပေးကြပါသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေ သူငယ်ချင်းများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်စန်းမြင့်

**ပုဇွန်တောင်ဈေး(A)ရုံ**

**အသက်(၆၉)နှစ်**

ရန်ကုန်မြို့နေ(ဒေါ်ညို)၊ (ဒေါ်ခင်အေး)တို့၏တူမ၊ (ဦးသိန်းမောင်- ဒေါ်ကျင်လှ)တို့၏သမီး၊ ဦးမြင့်သိန်း၊(ဦးသိန်းဝင်း)တို့၏ ညီမ၊ ဒေါ်မြင့်မြင့်အေး ၏အစ်မသည် ၁၇-၅-၂၀၂၄ (သောကြာနေ့)နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၁၇-၅-၂၀၂၄ရက်တွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ (ကွယ်လွန်သူအားရည်စူး၍ ၂၃-၅-၂၀၂၄(ကြာသပတေးနေ့)နံနက် ၇ နာရီမှ ၁၂ နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူရန် ရန်ကုန်တိုင်းဒေသ ကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်၊ (၉)ရပ်ကွက်၊ အိမ်ကြီးလမ်း၊ အမှတ်(၂၅)၊ ပထမထပ်သို့ တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကိုအားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **နိုင်ငံတစ်နိုင်ငံကို နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အား၊ ကာကွယ်ရေးမောင်းနှင်အားတို့နှင့် လည်ပတ်ဆောင်ရွက်ရခြင်းဖြစ်ပြီး ၎င်းမောင်းနှင်အားများအနက် စီးပွားရေးမောင်းနှင်အားသည် အဓိကအကျဆုံးဖြစ်...**

❖ **စီးပွားရေးမောင်းနှင်အားကောင်းမွန်မှသာ နိုင်ငံရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားတို့ကို တည်ဆောက်နိုင်မည်ဖြစ်သောကြောင့် မိမိအစိုးရလက်ထက်တွင် “ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး” ကို အမျိုးသားရေးရည်မှန်းချက်(၂) ရပ်အဖြစ်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် ပြုလုပ်သော စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၅)သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

## ကဆုန်လပြည့်(ဗုဒ္ဓနေ့)ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများ MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မေ ၂၀

ကဆုန်လပြည့်(ဗုဒ္ဓနေ့)ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားအစီအစဉ်များကို ဘာသာရေးဆိုင်ရာ ထုံးတမ်းအစဉ်အလာများနှင့်အညီ ၂၀၂၄ ခုနှစ် မေ ၂၂ ရက်တွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်နှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်တို့တွင် ခမ်းနားထည်ဝါစွာဖြင့် စည်ကားသိုက်မြိုက်စွာ စီစဉ်ကျင်းပမည်ဖြစ်သည်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ☆

## မန္တလေးမြို့ နန်းမြို့ရိုးတစ်လျှောက် ကျုံးလေးပြင်လေးရပ်တွင် သံဃာတော် ၁၀၂၇၂ ပါးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပူဇော်ပွဲကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မေ ၂၀

ကဆုန်လပြည့် (ဗုဒ္ဓနေ့)ဆိုင်ရာ မင်္ဂလာအခမ်းအနားများကို ဘာသာရေးဆိုင်ရာ ထုံးတမ်းအစဉ်အလာများနှင့်အညီ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ၂၀၂၄ ခုနှစ် မေ ၂၂ ရက် နံနက် ၆ နာရီမှစတင်၍ မန္တလေးမြို့ ကျုံးလေးပြင်လေးရပ်တွင် သံဃာတော် ၁၀၂၇၂ ပါးအား နန်းမြို့ရိုးတစ်ဖက်လျှင် သံဃာတော် ၂၅၆၈ ပါးစီဖြင့် ဆွမ်း၊ ဆွမ်းဟင်း၊ နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပူဇော်ပွဲကျင်းပမည်ဖြစ်ရာ ထိုသို့ကျင်းပပုံများကို MRTV – HD Channel၊ MRTV Parliament Channel၊ MWD–HD၊ MWD– Variety၊ MWD EDUCATION၊ KNOWLEDGE & SPORTS Channel၊ Channel LIGHT Channel၊ Sky Net Buddha Channel နှင့် Channel –9 တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်မည်ဖြစ်သည်။

သတင်းစဉ်

## MNL Cup ပြိုင်ပွဲတွင် ရခိုင်ယူနိုက်တက်အသင်းကို အနိုင်ယူပြီး ရှမ်းယူနိုက်တက်အသင်း ဆီမီးဖိုင်နယ်တက်ရောက်

ရန်ကုန် မေ ၂၀

၂၀၂၄ MNL Cup ပြိုင်ပွဲ အုပ်စု (ခ) နောက်ဆုံးနေ့ကို မေ ၂၀ ရက်က ဆက်လက်ကျင်းပရာ ရှမ်းယူနိုက်တက်အသင်း နိုင်ပွဲရယူပြီး ဆီမီးဖိုင်နယ် တက်ရောက်ခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၁၈ ကော်လံ ၃ သို့ ❂



ရှမ်းယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

## ISTAF World Cup 2024 ပြိုင်ပွဲ၏ သုံးယောက်တွဲပွဲစဉ်တွင် မြန်မာပိုက်ကျော်ခြင်းအသင်း အုပ်စုပထမဖြင့် ကွာတားဖိုင်နယ် တက်ရောက်

ရန်ကုန် မေ ၂၀

ISTAF World Cup 2024 ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို မေ ၂၀ ရက်က မလေးရှားနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာပိုက်ကျော်ခြင်းအသင်းသည် သုံးယောက်တွဲပွဲစဉ်တွင် ကွာတားဖိုင်နယ်တက်ရောက်သွားသည်။

မြန်မာအသင်းသည် သုံးယောက်တွဲပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲအဖြစ် ဂျပန်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ နှစ်ပွဲပြတ်ဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် မေ ၁၉ ရက်က အုပ်စုပထမပွဲအဖြစ် အိန္ဒိယအသင်းနှင့် ယှဉ်ပြိုင်ကစားရာ

စာမျက်နှာ ၁၅ ကော်လံ ၅ သို့ ❖




သုံးယောက်တွဲပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲအဖြစ် ဂျပန်အသင်းနှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

**အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ (၁၀) ကြိမ်မြောက် ကမ္ဘာ့ရေထိပ်သီးညီလာခံကျင်းပ**

စာမျက်နှာ » ၁၃

**နိုင်ငံတော်အစိုးရက ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့**

စာမျက်နှာ » ၁၅